မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၉၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ဆီထွက်သီးနှံများ နှစ်စဉ်တိုးတက်စိုက်ပျိုးသွားရန် လမ်းညွှန်ထား စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိ စားသုံးဆီဖူလုံရေး ပြည်နယ်နှင့် တိုင်းအသီးသီး၌ အလေးထားလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်

နေပြည်တော် ဇူလိုင် ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မွန်ပြည်နယ် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၂ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သံလွင်တံတား(မော်လမြိုင်) ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ သြဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၇) ကို သြဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ သြဂုတ် ၂၁ ရက်မှ ၂၃ ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ သြဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် Bargain and Auction စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဝယ်လိုသူများသည် သြဂုတ် ၁၈ ရက်မှစတင်၍ မှတ်ပုံတင်ကြေး နိုင်ငံသားငွေကျပ် ၁၀၀၀၀၊ နိုင်ငံခြားသား ယူရို ၂၀နှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။

လာရောက်အပ်နှံနိုင်

ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိတို့ ရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဇူလိုင် ၂၅ ရက်မှ သြဂုတ် ၁၀ ရက်အတွင်း လာရောက်အပ်နှံနိုင်ကြပြီး ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ဝ ဒသမ ၄ ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ်လည်းကောင်း၊ ရောင်းချရပါက

စာမျက်နှာ ၉ ကော်လံ ၄ ■

အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလုပ်ကျသဘာပတိအဖွဲ့ဝင်များ၏ အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၅ ရက်)

မာလဲနတ်တောင်ရေလှောင်တမံ အောင်မြင်စွာဖွင့်လှစ်နိုင်မှု ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးလာမည်

နိုင်ငံတော်က ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ဆည်မြောင်း၊ တာတမံများ တည်ဆောက်ဖွင့်လှစ်ပေးလျက် ရှိသည်။

ထိုသို့ ဆည်မြောင်း၊ တာတမံများ ဖွင့်လှစ်ပေးနိုင်ခဲ့၍ ကျေးလက်ပြည်သူများ တစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးနိုင်ကြကာ ဝင်ငွေတိုးလာကြသည်။

ယခုတစ်ဖန် ၁၉၈၈ခုနှစ်နောက်ပိုင်း ၂၀၁ ခုမြောက် ရေလှောင်တမံဖြစ်သည့် မာလဲနတ်တောင်ရေလှောင်တမံကြီးကို ဇူလိုင်၂၂ရက်က မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၌ အောင်မြင်စွာဖွင့်လှစ်ခဲ့သည်။ အဆိုပါဆည်သည် မန္တလေးတိုင်းအတွင်း၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဆည်များအနက် ၄၉ ခုမြောက် ဆည်လည်းဖြစ်သည်။

ယင်းရေလှောင်တမံကို ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသခံတောင်သူလယ်သမားများ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ရာသီမရွေး စိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။

ယခင်က စဉ့်ကူးမြို့နယ်သည် ဧရာဝတီမြစ်ဘေးတွင်ရှိသော်လည်း မိုးရေကိုသာမျှော်ပြီး စိုက်ပျိုးခဲ့ရသည်။ ယခုအခါ ရေလှောင်တမံကြီး တည်ဆောက်ပေးလိုက်သည့်အတွက် စိုက်ပျိုးရေဖူလုံကာ စိုက်ဧကများ တိုးချဲ့နိုင်တော့မည် ဖြစ်သည်။

ယင်းရေလှောင်တမံသည် စဉ့်ကူးမြို့နယ်အတွင်းမှ ကျေးရွာအုပ်စုကိုးအုပ်စုအတွက် စိုက်ပျိုးမြေဧက ၁၀၀၀၀ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်ပြီး ဒေသစိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေ ရရှိရေးတို့ကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

မာလဲနတ်တောင်ရေလှောင်တမံ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေးကိုတိုးချဲ့လုပ်ကိုင်ပြီး ဝင်ငွေတိုးကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ရေလှောင်တမံ ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဖဂန်နစ္စတန်မှ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းမည်

ဆိုးလ် ဇူလိုင် ၂၄

ယခုနှစ်ကုန်တွင် အာဖဂန်နစ္စတန်မှ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန်စီစဉ်ထားကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဆောင်မင်ဆွန်းက ဇူလိုင် ၂၁ရက်၌ ပြောကြားလိုက်သည်။

စီစဉ်

ပြီးခဲ့သည့်နှစ်က တောင်ကိုရီးယားလွှတ်တော်၌ အာဖဂန်နစ္စတန်မှ တပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ယခုနှစ်ကုန်တွင် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်မခံ

အာဖဂန်နစ္စတန်စစ်ဘက်မှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရန် တောင်းဆို ခဲ့သော်လည်း တောင်ကိုရီးယားအစိုးရက လက်မခံခဲ့ခြင်း ဖြစ်သည်။ အာဖဂန် နစ္စတန်နိုင်ငံတွင် တည်ငြိမ်မှုများရရှိသည်အထိ နေထိုင်ပေးရန် ပြောဆိုမှုကိုလည်း လက်မခံခဲ့ချေ။

အာဖဂန်နစ္စတန်နိုင်ငံ၌ တောင်ကိုရီးယားနိုင်ငံသား ၂၃ဦးကို ဇူလိုင် ၁၉ရက်တွင် တာလီဘန် လက်နက်ကိုင်များက ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အနောက်ရန်ကင်းနေ ဗိုလ်မှူးတင်ထွန်း (ငြိမ်း) တပ်မတော် (ရေ)၊ ဒေါ်ပြုံးရည်သင်း၊ သား မောင်ဝဏ္ဏတင်ထွန်း ၊ သမီး မခင်ယုဇနတင်ထွန်း မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇင်ဘာဘွေရှိ ပုဂ္ဂလိကလုပ်ငန်းများအား အကူအညီပေးမည်

ဟာရာရေး ဇူလိုင် ၂၄

ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းများနှင့် နိုင်ငံအတွင်း ပြည်ပစီးပွားရေး လုပ်ငန်းများအား ထိန်းချုပ်ရန် နိုင်ငံပိုင်ကုမ္ပဏီတစ်ခုကို ဇင်ဘာဘွေအစိုးရက ထူထောင်မည်ဖြစ်ကြောင်း ဇင်ဘာဘွေ သမ္မတ ရောဘတ်မူဂါဘီက ဇူလိုင် ၂၂ရက်၌ ပြောကြားသည်။

ခြိမ်းခြောက်

ပုဂ္ဂလိက ပြည်တွင်းပြည်ပကုမ္ပဏီများ၏ ကုန်ပစ္စည်းဈေးနှုန်းနှင့် ထုတ်လုပ်မှုများအပေါ် လိမ်လည်လှည့်ဖြားရှိနေသဖြင့် အရေးယူမည်ဟု ပြီးခဲ့သည့်သီတင်းပတ်၌ ဇင်ဘာဘွေ သမ္မတ မူဂါဘီက ပြောကြားခဲ့သည်။

သို့သော်လည်း ဇင်ဘာဘွေနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းဖြစ်မှု ဖြေရှင်းရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများအား အကူအညီပေးရန် ဇင်ဘာဘွေအစိုးရက ဒေါ်လာဘီလီယံ ၃၀ ရှိသော ငွေကြေး ရန်ပုံငွေတစ်ရပ်ကိုလည်း ထူထောင်သွားမည် ဖြစ်သည်။

ဇင်ဘာဘွေအစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အကူအညီများ ပေးသွားမည်ဟုလည်း ရောဘတ်မူဂါဘီက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ယူဂန္ဒာလေဆိပ်၌ မူးယစ်မှောင်ခိုသူတစ်ဦးဖမ်းမိ

ကမ်ပါလာ ဇူလိုင် ၂၄

ယူဂန္ဒာနိုင်ငံ အန်တီဘီ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အာဖရိကအနောက်ပိုင်း နိုင်ငံဖြစ်သော ဂီနီနိုင်ငံသားတစ်ဦးအား အမေရိကန် ဒေါ်လာ ၇၅၀၀၀တန်ဖိုးရှိ ကိုကင်းခုနစ်ကီလိုကို မှောင်ခိုမှုဖြင့် ဖမ်းဆီးလိုက်သည်။

မိုဟာမက်ဆာဗာနာ အမည်ရှိ အဆိုပါတရားခံမှာ ကိုကင်းများအား ၎င်း၏ လက်ဆွဲအိတ်အောက်ခြေတွင် ဝှက်၍ ယူဆောင်လာခြင်းဖြစ်ကြောင်း၊ လေဆိပ်လုံခြုံရေးတပ်ဖွဲ့က မသင်္ကာ၍ ရှာဖွေစစ်ဆေးရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ နယူးဗွီးရှင်းသတင်းဌာနက ဇူလိုင် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၂၅-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၅	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၁၅)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၁၈)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ရသမျှဒုက္ခကြီးပါ တရားတော် (အရှင်ပုညာနန္ဒ) (ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ဆရာတော်)
၈:၀၀	အကွက်လှလှ အဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	International Video Topics (တင့်ကားထုတ် ဧရာမစက်ရုံကြီးများ)
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	**မီးမီးရဲ့ဆုံးဖြတ်ချက်** (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ နေလ၊ အောင်ဟိန်း၊ ပြည့်ဖူးခိုင်) [ဒါရိုက်တာအောင်မိုး (ပဲရစ်(စ်)]
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ (အမျိုးသမီးကလေးများ သင်တန်းကျောင်း)
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	Midweek Sports News
၁၀:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀	ဝါဆိုခြင်းပွဲတော်
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၃၅	"ဝိပဿနာအကြောင်း၊ အရိယာ၊ ရဟန္တာနှင့် နိဗ္ဗာန်အကြောင်း" ဒေါက်တာချစ်ငယ်(ဒဿန) Ph.D
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	သမိုင်းဝင်ထူးခြား ကမ္ဘာကျော်စိန်ကြီးများ
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	ကမ္ဘာ့အကြီးဆုံးမြန်မာ့ကျွန်းပင်
၁၂:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂:၃၅	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဒီကောင်ဘယ်သူတုန်း"
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ခုနှစ် အာရှဖလားပွဲစဉ်များ

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
ညနေ ၄:၅၀	တောင်ကိုရီးယား-အီရတ်	MRTV-4 (Live)
ည ၇:၅၀	ဆော်ဒီအာရေဗျ-ဂျပန်	MRTV-4 (Live)

မဟာသန္တာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၄

ကလေးမြို့ အောင်သစ္စာရပ်ကွက် မဟာသန္တာရုံကျောင်းတိုက်၌ ဝါဆို၊ ဝါကပ်တော်မူကြမည့် စာချစာသင် သံဃာတော် ၁၈၅ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ခု ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ဂေါပကအဖွဲ့၊ တပည့်ဒါယကာ၊ ဒါယိကာမနှင့် အလှူရှင်များစုပေါင်း၍ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ရန် ဖိတ်ကြား နိုးဆော်ထားသည်။ **(က-ပ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး တက်ရောက်၍ သစ်ပင်များစိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇူလိုင် ၁၆ရက် နံနက် ၈ နာရီက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင် ဂေါက်ကွင်းအနီးရှိ မြေကွက်လပ်တွင်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး ဒေါ်ခင်ပြုံးဝင်းတို့တက်ရောက်၍ စိန်တလုံးသရက်ပင်များ စိုက်ပျိုးပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုစုပေါင်းအင်အား ၈၀၀ ကျော် တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

ရှေးဦးစွာ အစီအစဉ်အရ သစ်ပင်စိုက်ပျိုးပေးမည့် သတ်မှတ်နေရာများတွင် တိုင်းမှူးနှင့်ဇနီးတို့က စိန်တလုံးသရက်ပင်များ စတင်စိုက်ပျိုးပေးကြရာ အခမ်းအနားသို့ တက်ရောက်လာကြသူများကလည်း မိမိတို့သတ်မှတ်နေရာများတွင် စိန်တလုံးသရက်ပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး **(အပေါ်ယာပုံ)** စိုက်ပျိုးပြီးအပင်များ အောင်မြင်ဖြစ်ထွန်းအောင် ပြုစုပျိုးထောင်ရေး၊ လိုအပ်သည့် မြေဩဇာများ အချိန်မှန်ကျွေးမွေးရေး၊ ပင်ကြား၊ တန်းကြား မြေကွက်လပ်များတွင် နှစ်တိုပင်များဖြစ်သည့် ပဲစင်းငုံ၊ ပဲတီစိမ်းကဲ့သို့သော အပင်များကို သီးညှပ်အဖြစ် စိုက်ပျိုးသွားရေး စသည်ဖြင့် လိုအပ်သည်များ မှာကြားသည်။

မန္တလေးမြို့တော်ကြီးကို ဥယျာဉ်မြို့တော်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် သစ်ပင်ပန်းပင်များ၊ နှစ်ရှည်သီးပင် စားပင်များ၊ အရိပ်ရပင်နှင့် လေကာပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်း၊ စုပေါင်းစိုက်ပျိုးခြင်းများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင် ၁၀၀၀ ကျော် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်) တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဇူလိုင် ၂၂ရက်က ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ကျင်းပရာ ဆရာတော်ကြီးများအား အသင်းဥက္ကဋ္ဌ ဦးမောင်ကြီးက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။ (က-ပ)

● ရှေ့ဖုံးမှ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက ပြည်နယ်၏ ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မြေပဲ၊ နှမ်းနှင့်နေကြာ စုစုပေါင်း ၃၃၉၇၂ ဧက စိုက်ပျိုးခဲ့ပြီး ဆီဖူလုံမှုမှာ ၁၃ဒသမ၅၁ ရာခိုင်နှုန်းသာရှိမှု၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး သုံးနှစ်စီမံကိန်းအရ နှစ်စဉ်တိုးတက်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ပြည်နယ်မန်နေဂျာဦးခင်ဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ ဖြစ်ကြသော မော်လမြိုင်ခရိုင်မှ ဦးမောင်မောင်၊ သထုံခရိုင်မှ ဦးတင်အောင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေ မန်နေဂျာ ဦးလှကြီးတို့က ပြည်နယ်၏ ဆီထွက်သီးနှံ တိုးတက်စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့ကို အဘက်ဘက်က အားပေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၌ ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပိုလျှံလာပြီဖြစ်ကြောင်း၊ သို့ရာတွင် စားသုံးဆီဖူလုံမှုမရှိသေးကြောင်း၊ စားသုံးဆီဖူလုံရေးကို ပြည်နယ်နှင့်တိုင်း အသီးသီး၌ အလေးထားလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ စားသုံးဆီကို ပြည်ပမှ တစ်နှစ်လျှင် ဒေါ်လာသန်း ၃၀၀ဖိုးခန့် ဝယ်ယူတင်သွင်းနေရကြောင်း၊ အဆိုပါ ကုန်ကျငွေကို လျှော့ချနိုင်ပါက နိုင်ငံတော်၏ အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ကြောင်း။

လမ်းညွှန်ထား

နိုင်ငံတော်အကြီးအကဲကပြည်နယ်နှင့် တိုင်းအလိုက် ဆီဖူလုံမှုရရှိအောင် ဆီထွက်သီးနှံများကိုနည်းလမ်းအမျိုးမျိုးဖြင့် နှစ်စဉ်တိုးတက် စိုက်ပျိုးသွားကြရန် လမ်းညွှန်ထားကြောင်း၊ မွန်ပြည်နယ်အနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်မြှင့်တင်သွားရန် လိုကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သံလွင်တံတား (မော်လမြိုင်)သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တံတားကြီး၏ ကြံ့ခိုင်ရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် အင်းပြောင်ကျေးရွာ၌ ကျင်းပသော ခြစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ပျိုးပင်များပေးအပ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများအား လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက မြို့နယ်ဌာနဆိုင်ရာများအား လည်းကောင်း၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်စိုးက ဒေသခံ တိုင်းရင်းသားများအားလည်းကောင်း ခြစည်းရိုးကြက်ဆူပျိုးပင်များကိုပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သတ်မှတ်နေရာအသီးသီး၌ ခြစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြစည်းရိုး ကြက်ဆူစိုက်ပျိုးပွဲတွင် ပါဝင် စိုက်ပျိုးကြသူများအား လိုက်လံနှုတ်ဆက်အားပေးပြီး ခြစည်းရိုး ကြက်ဆူစိုက်ပျိုးခြင်းကို ဆက်လက်၍ အောင်မြင်အောင် စိုက်ပျိုးသွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်-ရန်ကုန်ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

စုပေါင်းဆောင်ရွက်

ဇူလိုင် ၁၅ ရက်က အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဌာနာရပ်ကွက် အလုံလမ်းတစ်လျှောက် ရေမြောင်းများအတွင်း သဲ၊နုန်းနှင့် အမှိုက်များ ရှင်းလင်းမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ဇော်ထွန်းနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

ဖြူးမဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် အေးရိပ်မွန်အပိုင်း(၁) အမှတ်(၅)ရပ်ကွက် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ သီတင်းသုံးတော်မူရာ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဝါဆို၊ ဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်တို့အား ဇူလိုင် ၃၀ ရက်(တနင်္လာနေ့)နံနက် ၉ နာရီတွင် အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားတော် ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ရွှေညီလာ သဘင်ကျင်းချိန်မို့

* ထူးမြတ်သည့် သည်ချိန်ခါ
ရွှေညီလာ သဘင်ကျင်းချိန်မို့
လေပြည်မှာ မွှေးထုံသင်းပါဘိ
ဂုဏ်သတင်း လှိုင်လှိုင်ဝေ။

* နောင်အရှည်တွေးကာရှုပါလို့
ယုံကြည်မှု အပြန်အလှန်နှင့်
ဝန်းရံကာ တူမခွဲ
လက်တွဲနိုင်စေ။

* အရေးကြီးချိန်မို့
သွေးစည်းကြ မသွေအမှန်
အခြေခံဥပဒေ ပေါ်ပေါက်ရေးကို
ချင့်တွေးကာ မျှော်ရည်မှန်းပါလို့
စိတ်ဝမ်းမှာ ညီညာနေ
လွဲမသွေ အောင်မည်မှန်း။

* နီးကြားစွာ ညီတူသတိတွေနှင့်
ရိုးသားစွာ ကြည်ဖြူအသိဝေလျက်
အမိမြေ စည်ပင်ဖြိုးရန်
ပြည်ကျိုးကို အတူဆောင်ဖို့
နောင်ညီဆွေ တွဲလက်ညီ
ပြည်သစ်ဆီ အရောက်သွားမည်
အားသွန်ကြိုးပမ်း။ ။

မောင်မောင်မိုးအောင်

ဆွမ်းဆန်တော်အလှူ ရေစက်ချပွဲ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ (၂၃၁)ကြိမ်မြောက် ဝါဆိုလဆွမ်းဆန်တော်အလှူရေစက်ချပွဲ အခမ်းအနားကို ဒုတိယဝါဆိုလပြည့်နေ့ ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် အနောက်ဘက်မုခ် ဦးမောင်ကလေး - ဒေါ်ကြုတ်တန်ဆောင်း၌ မရမ်းကုန်းမြို့နယ် သိရောမဏိဝိဇ္ဇောတာရုံစာသင်တိုက်မှ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတဆရာတော်ကြီးအားပင့်ဖိတ်၍ ဆွမ်းဆန်တော်တင်းပေါင်း ၅၄၀၀ကျော်ကို ကျောင်းတိုက်ပေါင်း ၂၀၆ တိုက်မှ သံဃာတော် ၂၂၅၁၅ ပါးတို့အား လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် အလှူရှင်များအား ဖိတ်ကြားထားကြောင်းသိရသည်။

(က-ပ)

25-7 (03) 1 7/25/07, 1:46 AM

လမြတ်ဝါဆို

ဝါဆိုလသည် မုတ်သုံလေ တသုန်သုန်တိုက်ခတ်၍ မုတ်သုံမိုး ဖြိုင်ဖြိုင်ရွာသွန်းသော လဖြစ်သည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုသည်နှင့်အညီ မြစ်၊ ချောင်း၊ အင်းအိုင်များ ရေပြည့်လျှံသော လဖြစ်သည်။ ရှစ်ခွင်တိုင်း အုံ့မှိုင်းနေချိန်၊ တောင်သူလယ်သမားတို့ ထွန်းရေးငင်ချိန်၊ စိုက်ပျိုးချိန် ဖြစ်သည်။ စိမ်းရောင်စိုနေသော သစ်ပင် ပန်းပင်များ လူသတ္တဝါတို့အား ရွှင်လန်းချမ်းမြေ့စေသည့် အချိန်ပင်ဖြစ်သည်။

ဝါဆိုလကို မြန်မာမှုအရ ကရကဋ်ရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ပြုဗ္ဗာသာဠ်နက္ခတ် ဖြစ်သည်။ ယှဉ်သောတာရာမှာ ဖျိုင်းတာရာ ဖြစ်၍ ရာသီရုပ်မှာ ပုစွန်လုံးရုပ် ဖြစ်သည်။ ရာသီပန်းကား ပုန်းညက်ပန်းဖြစ်၍ ရာသီပွဲတော်ကား ပဉ္စင်းခံပွဲနှင့် ဝါဆိုပွဲဖြစ်သည်။

ဝါဆိုလတွင် ရှေးပဒေသရာဇ်ခေတ်သုံး မြန်မာနာရီ နေ့ ၃၆ နာရီ ရှိကာ ညဥ့် ၂၄နာရီရှိသဖြင့် နေ့တာရှည်၍ ညဥ့်တာတိုသော ကာလဖြစ်သည်။ ရှေးခေတ် မြန်မာများစံတော်ချိန်သတ်မှတ်ချက်အရ နေမွန်းတည့် ၃၀ဝါး ရှိသော လဖြစ်သည်။

ဝါဆိုလပြည့်နေ့ကား သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ ဆိုသည်နှင့်အညီ ဗုဒ္ဓသာသနာတော်သမိုင်းတွင် ထူးခြားသော မှတ်တမ်းဖြစ်ရပ်ကြီး လေးခုရှိခဲ့သည်။ ၎င်းဖြစ်ရပ်များသည် ဝါဆိုလပြည့်နေ့များတွင်သာ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်–

(၁) သက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသာဠ် နက္ခတ်နှင့် လနက္ခတ်ယှဉ်စံသော သန်းခေါင်ယံ အချိန်တွင် သက္ကတိုင်း၊ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီး၏ ချစ်မငြီးသော ကြင်ရာတော် သီရိမဟာ မာယာ မိဖုရားကြီး၏ ဝမ်းကြာတိုက်တွင် ဘုရားလောင်းတော်သည် သန္ဓေယူတော်မူခဲ့သည်။

(၂) ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါး မြင်တွေ့ပြီးသောအခါ သက်တော် ၂၉ နှစ်တွင် သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံ ဥတ္တရာသာဠ် နက္ခတ်နှင့် စန်းမြတ်ယှဉ်သော အခိုက်၌ တောထွက်တော်မူသည်။

(၃) သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်ကို ရောက်တော်မူပြီး နောက် သက္ကရာဇ်၁၀၃ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ နေဝင်စ အချိန်တွင် ပဉ္စဝဂ္ဂီငါးဦးဖြစ်သော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့အား ဓမ္မစကြာတရားတော် ဟောကြားခဲ့သည်။

(၄) သက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ဖြူပင်ရင်းတွင် တိတ္ထိတစ်သင်းအား နှိမ်နင်းတော်မူရန် တန်ခိုးပြာဋိဟာပြပွဲကြီးကို အဆန်းတကြယ် ဖန်ဆင်းပြသတော်မူခဲ့သည်။

ဗုဒ္ဓကိုယ်တော်မှ မီးလျှံအဟုန်သည် တရှိန်ရှိန် တညီးညီး အလျှံတပြောင်ပြောင်နှင့် အထက်ဘဝဂ်သို့ ဖြာတက်တော်မူသည်။

ဗုဒ္ဓကိုယ်တော်အောက်ပိုင်းမှ ရေအလျဉ်သည် တသွင်သွင်ယိုစီး ထွက်တော်မူသည်။ ထို့နောက် တစ်ဖန် အထက်ကိုယ်တော်မှ ရေအလျဉ် ဖြာစီးတော်မူ၍ အောက်ကိုယ်တော်မှ မီးလျှံထွက်တော်မူပြန်သည်။

လက်ယာမျက်လုံးတော်မှ မီးလျှံထွက်သောအခါ လက်ဝဲမျက်လုံးတော်မှ ရေအလျဉ် ထွက်တော်မူသည်။

လက်ယာမျက်လုံးတော်မှ ရေအလျဉ်ထွက်သောအခါ လက်ဝဲမျက်လုံးတော်မှ မီးလျှံထွက်တော်မူသည်။

လက်ယာနားတွင်းတော်မှ မီးလျှံထွက်သောအခါ လက်ဝဲနားတွင်းတော်မှ ရေအလျဉ်ထွက်တော်မူသည်။ လက်ယာနားတွင်းတော်မှ ရေအလျဉ်ထွက်သောအခါ လက်ဝဲနားတွင်းတော်မှ မီးလျှံထွက်တော်မူသည်။

ထိုနည်းတူစွာပင် လက်ယာဘက် နှာခေါင်းပေါက်၊ လက်ဝဲဘက် နှာခေါင်းပေါက်၊ လက်ယာဘက် ပခုံး၊ လက်ဝဲဘက် ပခုံး၊ လက်ယာဘက် လက်ရုံး၊ လက်ဝဲဘက် လက်ရုံး၊ လက်ယာဘက် နံပါး၊ လက်ဝဲဘက် နံပါး၊ လက်ယာ ခြေတော်၊ လက်ဝဲ ခြေတော် စသည်တို့မှလည်း ရေအလျဉ်နှင့် မီးလျှံ အပြန်အလှန် ထွက်တော်မူခဲ့သည်။

ထို့ပြင် ကိုယ်ခန္ဓာတော်မှလည်း ရောင်ခြည်တော် ခြောက်သွယ် ဖြစ်သော အညိုရောင်၊ ရွှေရောင်၊ အနီရောင်၊ အဖြူရောင်၊ ညိုမောင်းသောအရောင်၊ ပြိုးပြိုးပြက်သော အရောင်တော်များ ထွက်ပေါ်ခဲ့သည်။

ရှေးခေတ်အခါက ဝါဆိုလတွင် ကျင်းပခဲ့သော ပွဲတော်သည် ပဉ္စင်းခံ၊ ရှင်ပြုပွဲတော်ဖြစ်သည်။ ဗုဒ္ဓသာသနာတော်တွင် သာသနာ့ဝန်ထမ်း ရဟန်းတော်များ စဉ်ဆက်မပြတ်ရှိစေရန်နှင့် သာသနာတော် အစွန့်ရှည်စွာ တည်တံ့ ထွန်းကားစေရန်ဖြစ်သည်။ ဘာသာယဉ်ကျေးမှုကို တတ်သိနားလည်စေရန်အတွက် ပဉ္စင်းအဖြစ်၊ ရှင်သာမဏေအဖြစ် တစ်ဝါ၊နှစ်ဝါ စသည့် သာသနာ့ဘောင်တွင် တည်ရှိစေရန်လည်း လိုအပ်၍ဖြစ်သည်။

ပုဂံခေတ်တွင် ဗုဒ္ဓသာသနာ အရှိန်အဟုန်ဖြင့် ထွန်းကားနေပြီ ဖြစ်သည်။

သက္ကရာဇ် ၅၇၅ခုနှစ်ခွဲ ပုဂံမြို့ သင်လျင်အိုကပ်သင်ကျောက်စာ၌–

"သားပန်စင်းခံ၍ တရားဦးနာ သရော၊ ကျွန်နွားဥစ္စာပေး၏"

ဟူသောကျောက်စာကို တွေ့ရှိရသဖြင့် ပုဂံခေတ်တွင် ပဉ္စင်းခံ ရှင်ပြုပွဲတော် ကျင်းပနေပြီဟု ယူဆရပါသည်။

ကုန်းဘောင်ခေတ်ဦးတွင် ရေးသားခဲ့သော အင်ရုံရွာစားဝန်ကြီး သီရိဥဇနာ၏ လောကဗျူဟာကျမ်းတွင် ရှေးခေတ်မြန်မာဘုရင်များ ပဉ္စင်းခံ ရှင်ပြုပွဲ ကျင်းပခြင်းကို နောင်မျိုးဆက်သစ်လူငယ်များ သိရှိစေရန်အတွက် ရေးသားခဲ့ပါသည်။

သာရဝေါဝီစိုးကြည်

သိမ်ကွဲတောနေ ပဉ္စင်းလောင်း၊ ရှင်လောင်းတို့ကို အမအစ ခန့်သ သူတို့က ဆရာကျောင်းသို့ ဆောင်ယူ၍ အခါတော်တညီတည်း သိမ်ဝင်၍ ကမ္မဝါဆောင်ရသည်။ ပထမ ပဉ္စင်းလောင်းတော်မှစ၍ ရှင်လောင်းတော်တိုင်း အခါတော်အတိုင်း တစ်ပါးစီသိမ်ဝင်၍ ကမ္မဝါဆောင်ရသည်။

အတွင်းတော်က ကွမ်း၊ လက်ဖက်လှူရန် တစ်ပွဲစီ သိမ်ကအထွက်ကို လှူရသည်။ မင်းသား၊ မင်းမြေး၊ မှူးတော်၊ မတ်တော်တို့လည်း ဝတ်ကောင်း၊ နားတောင်းနှင့် ရွှေစည်းခံ့ဘုရားရှင် ဇရပ်တွင်မှူးနေ၊ မတ်နေထဲ၌ တက်၍ နေရာစဉ်အတိုင်းနေ၍ သဘင်တော်ခံရသည် စသည့်ဖြင့် ရေးသားမှတ်တမ်းတင်ခဲ့သည်။

မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်းနှင့် ရပ်တည်နေခဲ့ရာမှ ၁၈၈၅ခုနှစ်တွင် ထီးသုဉ်း၊ နန်းသုဉ်းအဖြစ် ရောက်ရှိပြီး ကိုလိုနီကျွန်သပေါက်ဘဝ ရောက်ရှိခဲ့ရသည်။ ကိုလိုနီကျွန် ထမ်းပိုးအောက်ဝယ် မလူးသာမလွန့်သာ ရောက်ရှိခဲ့ရသည့်အတွက် အစဉ်အလာကျင်းပခဲ့သော ဝါဆိုလ ပဉ္စင်းခံ ရှင်ပြုပွဲသည်လည်း ကွယ်ပျောက်ခဲ့ရသည်။

ဝါဆိုလတွင် ကျင်းပသော အခြားပွဲတော်တစ်ခုမှာ ရဟန်းတော်များနှင့်ဆိုင်သော ဝါဆိုဝါကပ်ပွဲဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ရောက်သောအခါ ကျောင်းရှိသံဃာတော်များသည် ကျောင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ သောက်ရေအိုးများ ရေဖြည့်ခြင်း ပြုလုပ်ကြသည်။ ညနေပိုင်း သို့မဟုတ် ညပိုင်းသို့ရောက်ရှိသော အခါ ဝါဆို ဝါကပ်ခြင်း ပြုကြသည်။

"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"

(ဘုရားတပည့်တော်သည် ဤကျောင်း၌ ဤဝါတွင်းသုံးလပတ်လုံး ဝါကပ်ပါ၏၊ ဝါဆိုပါ၏) ဟု ဝါဆိုဝါကပ်ခြင်း ပြုကြသည်။

ဝါကပ်ခြင်း နှစ်မျိုးရှိပါသည်။ ဝါဆိုလပြည့်ကျော် ၁ရက်နေ့တွင် ဝါကပ်ခြင်းကို ပုရိမဝါကပ်ခြင်းခေါ်၍ သုံးလပြည့်မြောက်သော သီတင်းကျွတ်လပြည့်နေ့တွင် ဝါကျွတ်သည်။ အကြောင်းမညီညွတ်၍ ဝါခေါင်လပြည့်ကျော် ၁ရက်နေ့တွင် ဝါကပ်ခြင်းကို ပစ္ဆိမဝါကပ်ခြင်းခေါ်၍ တန်ဆောင်မုန်းလပြည့်နေ့တွင် ဝါကျွတ်ပါသည်။

ရှေးခေတ်အခါက မင်းနေပြည်တော်များသည် အထက်အညာဒေသများတွင် တည်ရှိခဲ့သည်။ ဘာသာယဉ်ကျေးမှုနှင့် လူမှုစီးပွားရေးသည် မင်းနေပြည်တော်များကို ဗဟိုပြု၍ ထွန်းကားလေ့ရှိသည်။ အထက်အညာဒေသသည် မိုးနည်းပါးသောဒေသဖြစ်ရာ အချို့ဒေသများတွင် နွားလှည်းမောင်းနှင် အသုံးပြုနိုင်သည်။

အောက်ပါသီချင်းပဒေသာသည် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ရာ ဝါဆိုပွဲမြင်ကွင်းဖြစ်ပါသည်–

"အမေဆိုဆဲ၊ ဝါဆိုပွဲ၊ လှည်းကလေးနဲ့သွားရအောင်၊ ကုက္ကိုပင် မြန်မြန်ခုတ် လှည်းလုပ်ရအောင်၊ လှည်းလုပ်လျှင်ကြာပါလိမ့်၊ မဘုတ်ဆုံ တင်ပါးဆုံကြီးကို လှည်းလုပ်လို့စီး" ဖြစ်ပါသည်။

ရှေးခေတ်အခါက ဘိုးဘွားမိဘများ၊ အစ်ကိုကြီး၊အစ်မကြီးများသည် မြေး၊ သား၊ ညီငယ်၊ မောင်ငယ်များကို ရှင်သာမဏေအဖြစ် မြင်တွေ့လိုကြသည်။ သာသနာ့ဘောင်တွင် ပျော်ပိုက်စေလိုကြသည်ကို တွေ့မြင်ရပါသည်။ အောက်ပါသီချင်းပဒေသာများက ခေတ်တစ်ခေတ်၏ ဘာသာယဉ်ကျေးမှု ကြေးမုံပြင်ကို ဖော်ပြနေပါသည်။

"ပျိုလေးတို့အိမ်ဦး၊ ဆပ်သွားဖူးတစ်ရုံနှစ်ရုံ၊ ကျေးတွေကအုံ၊ မအုံပါနဲ့ ကိုရွှေကျေး၊ ပျိုတို့မောင်ရှင်လိင်ပြန်တော့ နားပန်ဖို့လေး"

"ပျိုလေးတို့အိမ်အောက်၊ ခွေးမြီးကောက် တစ်ကောင်နှစ်ကောင်၊ ဆီးတဲ့လို့ဟောင်၊ မဟောင်ပါနဲ့ ကိုရွှေခွေး၊ ပျိုတို့မောင် လိင်ပြန်စကို ဆီးကြိုပါ့လေး" ဟု ဖြစ်သည်။

မြန်မာတို့သည် ဝါတွင်းသုံးလကို အလေးအမြတ်ပြုကြသည်။ ထူးမြတ်သော ကာလအဖြစ် သတ်မှတ်ကြသည်။ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဝါတွင်းသုံးလတွင်ကျရောက်သော ဥပုသ်နေ့တိုင်း သီတင်း သီလဆောက်တည်ခြင်းပြုကြသည်။ ရှေးအခါက ဝါတွင်းကာလတွင် ငါးပါးသီလ၊ ရှစ်ပါးသီလ ဆောက်တည်စေခြင်း၊ တရားဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းစေခြင်းတို့အတွက် တိုက်တွန်းနှိုးဆော်ခဲ့သည်ကို တွေ့ရှိရသည်။

အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာ ရေးသားခဲ့သော လောကဗျူဟာကျမ်းတွင်ပင်–

"ပြည်သူပြည်သားတို့ ယခုဝါဆိုလသို့ရောက်ပြီ၊ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်း၊ အဒိန္နာဒါနာ သူမပေးသောဥစ္စာကို ခိုးယူခြင်း၊ ကာမေသုမိစ္ဆာ သူ့မယားကိုပြစ်မှားခြင်း၊ မုသာဝါဒါ မဟုတ်မမှန်သော စကားကိုဆိုခြင်း၊ သုရာမေရယ သေရည်သေရက် သောက်ခြင်းတို့ကို ရှောင်ကြဉ်၍ ပဉ္စသီ၊ အဋ္ဌသီ၊ ဒသသီတို့ကို ဆောက်တည်ရမည်၊ အလှူပေးခြင်း၊ သီလသီတင်း ဆောက်တည်ခြင်း၊ ဘာဝနာစီးဖြန်းခြင်းကိုလည်း သဒ္ဓါစေတနာ စိတ်ရှိသမျှကို လှူဒါန်းဆောက်တည်ကြကုန်" ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

ဤတွင် ငယ်စဉ်က ရွတ်ဆိုခဲ့သော ဝါတွင်းအချိန်ကာလ ယဉ်ကျေးမှု မြင်ကွင်းကို သရုပ်ဖော်သည့် ဥပုသ်စောင့်ကဗျာလေးကို အမှတ်ရမိပါသည်။ ဘိုးဘိုးက ငှက်ပျောခိုင်ထမ်းကာ ဘွားဘွားက ဆွမ်းအုပ်နီနီရွက်၍ ရွာဦးကျောင်းတော်ဆီသို့ ဥပုသ်စောင့်ရန် သွားကြပုံကို မြင်ယောင်စေပါသည်။

"ဆွမ်းအုပ်နီနီ အမေရွက်လို့ နက်ဖြန်မနက် ကျောင်းတက်မယ်၊ မောင်လဲလိုက်မယ် ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ်၊ ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့ ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ်။ မောင်မဆော့ပေါင် စိပ်ပုတီးနဲ့ ဘုန်းတော်ကြီးလို နေပါ့မယ်၊ လိုက်မယ်၊ လိုက်မယ်" ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၄၀ခန့်က ရေးသားခဲ့သည်ဟု ယူဆရသော ဝါဆိုလေပြည်သည် ဝါဆိုပွဲတော်မြင်ကွင်းကို ပုံဖော်ရေးဖွဲ့ထားသည်။ ထိုလေပြည်အရ မြင်တွေ့ရသော ဝါဆိုပွဲအခမ်းအနားသည် ပျော်စရာအတိ ဖြစ်ပါသည်။

"စိန်ရွှေမွမ်းမံ ကညာပျိုအလှငယ်တို့၊ အိမ်ခြေဝန်းရံ ရာဇကြိုဟ်တမျှ ကဲ့သို့ ဝါဆိုလထုံး မပျက်စမ်းသာပ့ါ၊ ပုန်းညက်ပန်းဘုရားလှူချိန်မို့ နှစ်ပါးအတူ စကြိုတွဲပါလို့ ပန်းဖွားအဖြူ ပယင်းတစ်ဖန်ဆွဲတဲ့ ပဉ္စင်းခံပွဲ။

သိမ်ရွှေကမ္မဝါနှင့် တိဗ္ဗေဝဋ္ဌာအထက် ဗြဟ္မာသိကြားငယ်တို့ စိန္တေယျာ မြွက်ကာကြားစဉ်က ဓမ္မစကြာတရားဗုဒ္ဓဖြန့်ခဲ့၍ ပြုဗ္ဗာသာဠ် အခြေကောင်းပါဘိ နေမစောင်းတစောင်း မြန်မာပြည်အဝန်းက အသရေကောင်းသည် ဗြဟ္မာပြည်အဝန်းက ဂဏာစည်ယွန်းသံထင့် နာခံစမ်း" ဖြစ်သည်။

ဝါဆိုလသည် ဘာသာယဉ်ကျေးမှုကို ဖော်ညွှန်းနေသော လဖြစ်သည်။ ဘာသာယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်းကို ပြုပြင်ထိန်းသိမ်း၍ သာယာဝပြော စည်ပင်စေသည်သာမက ငြိမ်းအေးချမ်းသာသော လူ့ဘောင် အဖြစ်သို့ ရောက်ရှိစေပါသည်။ ဘာသာယဉ်ကျေးမှု ထာဝရ ရှင်သန်လန်းဆန်း ဖွံ့ဖြိုးတိုးတက်နေစေရန် ကြိုးပမ်းကြရပါမည်။ ။

အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ အကြိမ် (၄၀) မြောက် အဘိဓမ္မာ ခုနှစ်ကျမ်း (အာဂမ+သဘာဝ) စာတော်ပြန်ပွဲ ဆွမ်းအလှူ တစ်နေ့တာအတွက် အသင်းအလုပ်အမှုဆောင်နှင့် အမှုဆောင်များက ဆရာဦးတင်ထွဋ် ဒုတိယဥက္ကဋ္ဌ (သင်တန်း၊ စာပြန်၊ တရားပွဲ) (မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏ ဉာဏဓဇ)ထံ ငွေကျပ် ခုနှစ်သိန်းကို ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းတိုက်တွင် ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ဝါးခယ်မမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၄

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ၏ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၆ရက်) ဩဂုတ် ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် ၁၂ စဥ့်အိုးတန်းလမ်း အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဝါးခယ်မနွယ်ဖွား ကျောင်းထိုင်ဆရာတော် ၁၂ပါးတို့အား ဆွမ်း၊သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ရန်ကုန်ရောက် ဝါးခယ်မမြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းတိုက် ဖုန်း–၂၂၆၅၉၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဇူလိုင် ၂၃ ရက်ကကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက "ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း"နဲ့စပ်လျဉ်းပြီး–

"ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းတဲ့အခါ အဲဒီလိုမပြဋ္ဌာန်းမီကာလက တည်ရှိခဲ့တဲ့ တိုင်းပြည်ရဲ့အခြေအနေနဲ့ ပြဋ္ဌာန်းပြီးနောက် တည်ရှိလာတဲ့ အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခု တူညီကြမှာမဟုတ်ပါဘူး။ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးကို ကူးပြောင်းကြရတာ ဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့အခါမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေးအဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် အကူးအပြောင်းကာလမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများဟာ စဉ်ဆက်မပြတ် တည်ရှိနေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်၊ တာဝန်၊ ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ် တည်ရှိနေစေဖို့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန်လိုမှာ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါမှာ အဲဒီနိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များပါ ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရသလို မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလဲ အဲဒီဥပဒေရဲ့ အခန်း ၁၄ မှာ ပုဒ်မ ၂၃၃ မှ ၂၃၄ ထိ"ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ (Transitory Provisions)"ကို ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များနဲ့ စပ်လျဉ်းပြီး သီးခြားခေါင်းစဉ်နဲ့ ပြဋ္ဌာန်းထားတာ မရှိပေမယ့် အခန်း ၁၆ အထွေထွေပြဋ္ဌာန်းချက်များအခန်းမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရပါတယ်"လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ 'ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ' အခန်းနဲ့စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်။

၂။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးမကျင်းပမီ ကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။

၃။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်။

၅။ တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၆။ တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၇။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများ မပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ် ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်။

၈။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့တွင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်း ထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်တည်ရှိစေရမည်"

အလှည့်ကျသဘာပတိ အဖွဲ့ဝင် နိုင်ငံရေး ပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ ထိုကဲ့သို့ မပြဋ္ဌာန်းမီကာလက တည်ရှိခဲ့သည့် အခြေအနေနှင့် ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာသည့် အခြေအနေများသည် တစ်ခုနှင့်တစ်ခု တူညီကြမည်မဟုတ်ဘဲ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးသို့ ကူးပြောင်းကြရခြင်း ဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့အခါမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေးအဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ရာ အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာများ စဉ်ဆက်မပြတ် တည်ရှိနေစေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်တာဝန်ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ် တည်ရှိစေဖို့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအဖြစ် အသေးစိတ် အခြေခံမူများချမှတ်ရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ အဆိုပြုချက်များမှာ လျော်ကန်သင့်မြတ်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအတွက် ရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ် အခြေခံရမယ့်မူ အမှတ်စဉ် ၁ မှ အမှတ်စဉ် ၈ အထိကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်တဲ့နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီ ကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံးနိုင်ရေးနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁ နှင့် ၂ တွင် လည်းကောင်း၊ စုစည်းချက်အပိုဒ် ၅ တွင် တည်ဆဲဥပဒေများနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များသည် အလွန်ပြည့်စုံ မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်အတည်ဖြစ်စေရေးနဲ့ စပ်လျဉ်း၍ စုစည်းချက် အပိုဒ် ၆ တွင် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်သည့်နေ့၌ တည်ရှိသော တရားရုံးအဆင့်ဆင့်တွင်ရှိနေသော မှုခင်းများနဲ့စပ်လျဉ်းပြီး စုစည်းချက် အပိုဒ် ၇ တွင် လည်းကောင်း၊ စုစည်းချက်အပိုဒ် ၈ မှာတော့ နိုင်ငံ့ဝန်ထမ်းများနဲ့ ပတ်သက်ပြီး ရှင်းလင်းဖော်ပြချက်များသည် ကျွန်တော်တို့၏ နိုင်ငံတော်အတွင်း လက်ရှိအခြေအနေတွေနဲ့ကိုက်ညီသော အချက်များဖြစ်သဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို မိမိတို့အနေဖြင့် လေ့လာသုံးသပ်ခဲ့ကြပါတယ်။

ဒါကြောင့်–

- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ခြင်းနဲ့ စပ်လျဉ်းပြီး လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီ ကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူ ကျင့်သုံးနိုင်ရေးနဲ့ စပ်လျဉ်း၍ လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊
- နိုင်ငံတော်ရဲ့ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံရေးနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊
- တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်အတည်ဖြစ်ရေးနဲ့ စပ်လျဉ်း၍ လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအဆင့်ဆင့်တွင်ရှိနေသော မှုခင်းများနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- နိုင်ငံ့ဝန်ထမ်းများနဲ့ စပ်လျဉ်း၍ လည်းကောင်း၊

လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့်စပ်လျဉ်းလို့ အသေးစိတ် အခြေခံရမယ့်မူများကို စုစည်း၍ အမှတ်စဉ် (၁)မှ(၈) ထိ တင်ပြထားတာ တွေ့ရှိရပါတယ်။ ဖော်ပြပါ စုစည်းတင်ပြချက်များကို ဆွေးနွေးရန်မရှိ သင့်တော်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ထားတဲ့ အခြေခံမူ(၈)ချက်ဟာ မြန်မာနိုင်ငံရဲ့ သဘာဝအနေအထား၊ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှုရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးမှ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များဟာ ပြီးပြည့်စုံသည်ဖြစ်၍ ထပ်မံအကြံပြုဆွေးနွေးရန် မရှိတော့ပါ။

သို့ပါ၍ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းအတွက် စုစည်းတင်ပြထားတဲ့ အသေးစိတ် အခြေခံသင့်သည့်မူ (၈)ချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

"မူစုစည်းဖော်ပြချက် အချက်(၈)ချက်သည် လက်ရှိနိုင်ငံတော်က ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိပြီး နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သို့ ကူးပြောင်းနိုင်ရေး လိုအပ်ချက်များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသဖြင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များပါအတိုင်း အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားချက်များဟာ ကမ္ဘာ့နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ လေ့လာတွေ့ရှိချက်များနဲ့ မိမိတို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပေါင်းစပ်၍ အသေးစိတ်လေ့လာသုံးသပ်ပြီး နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ်လိုက်လျောညီထွေမှုရှိအောင် ရေးသားဖော်ပြထားတာဖြစ်တဲ့အတွက် ပြည့်စုံလုံလောက်မှုရှိပြီး ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအတွက် စုစည်းချက်(၈)ချက်ဟာ လျော်ကန်သင့်မြတ်မှု ရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်၊ ရှမ်းပြည်နယ်

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်

ရှာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ ရှင်းလင်းပြောကြားခဲ့သည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ အပိုဒ်(၁)မှ (၈)အတိုင်း အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံကနေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အသစ်အတွက် အခြေခံအုတ်မြစ်နဲ့တူတဲ့ မူဝါဒတွေ၊ သဘောထားတွေကို ထင်ဟပ်ဖော်ဆောင်နေတဲ့ အခြေခံရမယ့်မူတွေနဲ့ အသေးစိတ် အခြေခံရမယ့်မူတွေကို ချမှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီ အခြေခံရမယ့်မူတွေ၊ အသေးစိတ် အခြေခံရမယ့်မူတွေနဲ့အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရမှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်၏ စတုတ္ထအဆင့်ဖြစ်သော "ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း" လုပ်ငန်းစဉ်ကို အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့် အချိန်မှ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ပေးနိုင်ပါက မျှော်တလင့်လင့်ဖြင့် တောင့်တ၊ စောင့်စားနေရသော ပြည်သူ၊ ပြည်သား၊ ရဟန်းရှင်လူများအဖို့ အားရကျေနပ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမှာ အမှန်ပင်ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အချိန်မှ တစ်နှစ်တာကာလအတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများမှ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း သီးခြားအကြံပြုချက်တစ်ရပ်အဖြစ် အကြံပြုတင်ပြအပ်ပါတယ်" ဟု လည်းကောင်း။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်၏ ပဥ္စမအဆင့်ဖြစ်သော "ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း"လုပ်ငန်းနှင့် ပတ်သက်၍ ဆက်လက်အကြံပြုတင်ပြလိုပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၃၃ တွင်"ဤအခြေခံဥပဒေအရ ကျင်းပသော ပထမအမတ်ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့ရက်မှစ၍ (၁၈)လအတွင်းတွင် ကျင်းပရမည်"လို့ ပါရှိတာကို ဖတ်ရှုလေ့လာသိရှိရပါတယ်။

၁၉၇၄ခုနှစ် အခြေခံဥပဒေနှင့်ပတ်သက်၍ ၁၉၇၄ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်အတည်ပြု ကြေညာခဲ့ပြီးနောက် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၄ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှ စတင်၍ ဖေဖော်ဝါရီလ ၁၀ ရက်အတွင်း ကျင်းပပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။ ၎င်းအပြင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ၁၉၇၄ခုနှစ် မတ်လ ၂ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဆောလျင်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ် ပဥ္စမအဆင့်အား ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ဖြစ်ပြီးတဲ့နောက် သင့်တင့်လျောက်ပတ်သောအချိန်ကာလအတွင်း ကျင်းပပြုလုပ်နိုင်ရေးအတွက် တာဝန်ရှိသူများမှ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း သီးခြားအကြံပြုချက်တစ်ရပ်အဖြစ် အကြံပြု တင်ပြအပ်ပါတယ်"ဟု လည်းကောင်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှူထန်ပါ (၃)ဦးတို့က အကြံပြုဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက် အချက်(၈)ချက်အနက် အချက်(၂)နှင့် အချက်(၅)တို့မှလွဲ၍ ကျန်အချက်များအပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားချက်မှာပါဝင်တဲ့ အပိုဒ် ၂ နဲ့ အပိုဒ် ၅ တို့ကို သီးခြားအကြံပြုချက်များအဖြစ် တင်ပြလိုပါတယ်။

အပိုဒ် ၂ မှာ ဖော်ပြထားချက်ကတော့–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီ ကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်"

လို့ ပါရှိပါတယ်။

ဒီဖော်ပြချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးကျင်းပသည့်အချိန် အထိသာ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ခံယူကျင့်သုံးမည့်သဘောမျိုး သက်ရောက်နေပါတယ်။ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးကျင်းပရုံနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃)ရပ်ကို လွှဲပြောင်းပေးနိုင်ဖို့ အဆင်သင့်မဖြစ်သေးပါဘူး။ ပြည်ထောင်စုလွှတ်တော်က အုပ်ချုပ်ရေးအကြီးအကဲဖြစ်တဲ့ သမ္မတကို ရွေးချယ်လက်ခံရပါမယ်။ သမ္မတကို ရွေးချယ်ပြီးတဲ့အခါမှာ နိုင်ငံတော်သမ္မတဟာ သူရဲ့အစိုးရအဖွဲ့ကို ဖွဲ့စည်းရမှာဖြစ်သလို၊ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမယ့် နိုင်ငံတော်တရားသူကြီးချုပ်ကို ခန့်အပ်တာဝန်ပေးရမှာ ဖြစ်ပါတယ်။ ဒီအချိန်ကျမှသာ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာ(၃)ရပ်ကို တာဝန်ယူမယ့် အဖွဲ့အစည်းတွေဟာ တာဝန်စတင် ထမ်းဆောင်ရန် အဆင်သင့်ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၂ ပါ စာသားများအစား–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မှစ၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးများကို တာဝန်ယူကျင့်သုံးရမည့်အဖွဲ့အစည်းများ စတင်တာဝန်ထမ်းဆောင် သည့်နေ့အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်"

ဟု ပြင်ဆင်ပြောင်းလဲ၍ အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း"ဟု လည်းကောင်း။

"အပိုဒ် ၅ ပါဖော်ပြချက်မှာ–

"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည် ဖြစ်သည်"

လို့ ဖော်ပြပါရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမပေါ်မီကာလအထိ၊ ဥပဒေတစ်ခုဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ၊ မရှိဆိုတာကို အဆုံးအဖြတ်ပေးနိုင်တဲ့ အာဏာပိုင်အဖွဲ့အစည်းမရှိပါဘူး။ ဒီကြားကာလမှာ တည်ဆဲဥပဒေများဟာ ဆက်လက်တည်ရှိနေဖို့ လိုအပ်တဲ့အတွက် အပိုဒ် ၅ပါ စာသားများမှ **"ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ"**ဟူသော စာသားကိုပယ်ဖျက်ပြီး၊ **"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ အတည်ဖြစ်သည်"**ဟု အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း"ဟုလည်းကောင်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ဝင်းပါ (၆)ဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အလှည့်ကျ သဘာပတိအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး ကူးပြောင်းရေး ကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် ကျင့်သုံးခဲ့ပြီးသည့် ပြည်တွင်းဥပဒေများ၊ ပြည်ပဥပဒေများအား ကိုးကားပြီး မိမိနိုင်ငံအနေနှင့် သင့်တော်မည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့ရာ အောက်ပါအချက်များကြောင့် အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်လို့ သဘောရရှိပါတယ်–

(က) **နိုင်ငံတစ်ဝန်းလုံး၌ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့ရက်ကို သတ်မှတ်ပေးထားခြင်း၊**

(ခ) **အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီ လုပ်ဆောင်ရန်ရှိသည်များကို လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တာဝန်ပေးအပ်ထားခြင်း၊**

(ဂ) **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် မူဝါဒများ၊ လမ်းညွှန်ချက်များ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဆက်ခံနိုင်ခြင်း၊**

(ဃ) **တည်ဆဲဥပဒေနှင့် နည်းဥပဒေအစရှိသည်များကို အစိုးရက ပယ်ဖျက် ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်ခြင်း၊**

(င) **ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ မပြီးပြတ်သေးသော မှုခင်းများအား ယခင်ဥပဒေများနှင့်အညီ ဆက်လက် စစ်ဆေးနိုင်ခွင့်ရှိခြင်း၊**

(စ) **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းတာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်အပါအဝင် နိုင်ငံ့ဝန်ထမ်းများသည် အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်တည်ရှိနေခြင်း၊**

စသည့် အချက်အလက်များ ပြည့်စုံသောကြောင့် အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် ကူးပြောင်း ရေး ကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့စပ်လျဉ်း၍ အချက်(၈)ချက်ကို ကူးပြောင်းရေး ကာလပြဋ္ဌာန်းချက်များအခန်း၏ အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ(၈)ချက်ကို အသေးစိတ် အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ကကျင်းပတဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့တဲ့ အချက်အလက်များဟာ တင်ပြခဲ့တဲ့ နိုင်ငံတိုင်း၊ အခြေခံဥပဒေတိုင်းမှာ ပြဋ္ဌာန်းကြရမြဲဖြစ်တဲ့ အသေးစိတ်အခြေခံရမည့်မှုများ ဖြစ်လာသင့်တဲ့ အမှတ်စဉ် (၁)မှ (၈)ပါ ကူးပြောင်းရေးကာလအတွက် မုချလိုအပ်တဲ့ အသေးစိတ် အခြေခံရမယ့်မှုများဖြစ်တာ ကျွန်တော်တို့ အစုအဖွဲ့က သုံးသပ်ရရှိပါတယ်။

ဒါ့ကြောင့် ကျိုးကြောင်းဆီလျော်မှုရှိပြီး ကူးပြောင်းရေးကာလတိုင်းမှာ ပါဝင်နေကျ သဘာဝဖြစ်တဲ့ အထက်ပါမှုများကို ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ် အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ(၈)ချက်နှင့် ပတ်သက်လို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာတည်ရှိခဲ့၊ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ယင်းအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့တဲ့ အက်ဥပဒေ၊ နည်းဥပဒေတွေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ယင်းဥပဒေအရပြဋ္ဌာန်းခဲ့တဲ့ ဥပဒေနှင့်နည်းဥပဒေတွေ၊ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာသုံးသပ်ပြီး ကြောင်းကျိုးဆီလျော် ပြည့်စုံစွာ တင်ပြသွားခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် အထက်ဖော်ပြပါ အချက်(၈)ချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားချက်များပါ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့် မူ(၈)ချက်အား အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်တဲ့အချက်(၈)ချက်ကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းရဲ့ အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါဝင်တဲ့ အခန်းတစ်ခန်းဖြစ်တဲ့ "ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း"နဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီရှင်းလင်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ခြင်းနှင့် စပ်လျဉ်းပြီး–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်"

ဟူ၍ အသေးစိတ်အခြေခံရမည့် မူများချမှတ်ရန် သင့်၊ မသင့်ဆွေးနွေးအကြံပြုကြရန် ရှင်းလင်း ပြောကြားခဲ့ပါတယ်။

ယခုအခါမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် Road Map လုပ်ငန်းစဉ်(၇)ရပ် ချမှတ်အကောင်အထည် ဖော်လျက်ရှိရာ စတုတ္ထအဆင့်မှာ အမျိုးသားညီလာခံက တညီတညွတ်တည်းချမှတ်မယ့် အခြေခံမူများနှင့်အညီ ရေးဆွဲထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြု ပြဋ္ဌာန်းကြမှာဖြစ်ပါတယ်။

အဲဒီလို အတည်ပြုဆောင်ရွက်ရာမှာ ပြည်သူ့ဆန္ဒရယူခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုခြင်း၊ အတည်ပြုပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်တစ်ဝန်းလုံးမှာ အာဏာတည်စေခြင်းတို့ဟာ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ကျွန်တော်တို့နိုင်ငံမှာကျင့်သုံးခဲ့တဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများနဲ့လည်း ကိုက်ညီမှုရှိတာတွေ့ရလို့ သတ်မှတ် ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတဲ့ အချက်တစ်ချက်ကတော့ ဆန္ဒမဲဆိုတဲ့နေရာမှာ ဝိဝါဒကွဲပြားစရာ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ကြားနေခြင်းဆိုတဲ့ အဓိပ္ပာယ်များလည်း ပေါ်ပေါက်လာနိုင်တာမို့ 'ထောက်ခံဆန္ဒမဲ'ဟူ၍ ဖြည့်စွက်သုံးနှုန်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဒါကြောင့်–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်"ဟူ၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း"အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီ တို့အား အမှူးထား၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲ က နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့်ဇနီးဒေါ်ဝေဝေ၊ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နေပြည်တော်ပျဉ်းမနား ပါဠိတက္ကသိုလ် မင်္ဂလာဖေယျုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ဝင် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီ တို့က ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနအကြီးအကဲများနှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ရေစက်သွန်းချအမျှဝေ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူပြီး ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနအကြီးအကဲများနှင့်ဇနီးတို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီ၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနအကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများသည် ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း မိသားစု (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိသားစု (၁၅) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာနခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနား မင်္ဂလာဖေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက် ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဝိမလဗုဒ္ဓိထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ရေစက်သွန်းချအမျှဝေ

ယင်းနောက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရား နာကြားတော်မူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဇနီးတို့က ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၄

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ(၁၈) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို ပဏ္ဍိတာရာမ တောစခန်းရိပ်သာ ဆယ်မိုင်ကုန်းတွင် ဩဂုတ် ၄ရက်(စနေနေ့)တွင် လည်းကောင်း၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ အမှတ် ၈၀/က သံလွင်လမ်း ဗဟန်းမြို့နယ်တွင် ဩဂုတ် ၅ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် သင်္ကန်းဒွိစုံတစ်စုံလျှင်ငွေကျပ် ၃၀၀၀ နှုန်း၊ ဆွမ်းအလှူတစ်ပါးလျှင် ငွေကျပ် ၅၀၀ ဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မိုးရာသီ ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ အားသွန်ခွန်စိုက်လုပ်ကိုင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းသုံးပစ္စည်းများ ကြိုတင်စုဆောင်း

လုပ်ငန်းသုံးယာဉ်ယန္တရားများ စနစ်တကျ ကိုင်တွယ်မောင်းနှင်

နေပြည်တော် ဇူလိုင် ၂၄

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ရက် မွန်းလွဲပိုင်းက တောင်ငူမြို့၏ အရှေ့ဘက်၁၂ မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်း ညွှန်ကြားရေးမှူး ဦးမော်သာထွေးက စီမံကိန်းအကြို တည်ဆောက်ရေးလုပ်ငန်းများဖြစ်သော စီမံကိန်းချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ သောက်ရေခပ်ချောင်းတွင် ရေစီးဝင်မှုအခြေအနေ၊ လျာထားတမံနေရာ ကုန်းချောတမံနှင့် ရေပိုလွှဲတည်ဆောက်မည့်နေရာတို့ကို မြေပြင်စူးစမ်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်မှု၊ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊ စိန်လွန်တွင်းများ တူးဖော်ခြင်းလုပ်ငန်း၌ စီမံကိန်း၏ လက်ယာဘက်ကမ်းနှင့် လက်ဝဲဘက်ကမ်း တူးဖော်ပြီးစီးမှုနှင့် တမံလက်ဝဲဘက်ကမ်းတွင် တမံအောက်ခြေမြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်းတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက မိုးရာသီအတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ထပ်မံထည့်သွင်းဆောင်ရွက်ရန် ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည်စီမံကိန်း၏ လက်ယာဘက်ကမ်း ရှုရပ်မှနေ၍ စီမံကိန်း၏ လက်ဝဲဘက်ကမ်းတွင် မြေကြီးကျောက်သား တူးဖော်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်း၏ အကြိုလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ တပ်ဆင်ထုတ်လုပ်မည့် စီမံကိန်းဖြစ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ပသိချောင်းတမံအနီး၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော "ပသိ"ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံ အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ စက်ပစ္စည်းများ ရောက်ရှိမှုနှင့် စက်ရုံတွင် High Voltage Pannel များ တပ်ဆင်မှုလုပ်ငန်း၊ Turbine Main Value တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း၊ 6.6 KV to 33 KV ထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်းတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား စီမံကိန်းမှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသိန်းဇော်နှင့် စက်မှုနှင့်လျှပ်စစ်တပ်ဆင်ရေး ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းတို့က မိမိတို့ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ထပ်မံဖြည့်စွက်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပသိရေအားလျှပ်စစ် စက်ရုံပြီးစီးပါက စုစုပေါင်းစက်တပ်ဆင် အင်အား နှစ်မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ် ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ရှစ်သန်းခန့် ထုတ်လုပ် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပသိရေအားလျှပ်စစ်စီမံကိန်းမှတစ်ဆင့် အုတ်တွင်းမြို့ အနောက်ဘက် ၁၅မိုင်ခန့် အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော "ခပေါင်း" ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်း ညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းတို့က ရာနှုန်းပြည့်တည်ဆောက်ပြီးစီးပြီးဖြစ်သော ရေယူ အဆောက်အအုံ၊ ရေထိန်းတံခါးပြွန်နှင့် ရေသွယ် ဥမင်လိုဏ်လုပ်ငန်းတို့ကို လည်းကောင်း၊ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းလုပ်ငန်းတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

အားပေးစကားပြောကြား

ဆက်လက်၍ စက်မှုနှင့်လျှပ်စစ်တပ်ဆင်ရေး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စက်ရုံတွင် ဓာတ်အားပေးစက် တပ်ဆင်ရန် ကြိုတင်ဆောင်ရွက်နေသော လုပ်ငန်းများ၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ စက်ပစ္စည်းများ မှာယူတင်သွင်းမှုနှင့်ရောက်ရှိမှုအခြေအနေ၊ နိုင်ငံခြားသား ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု စသည်တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီးနောက် စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်နေကြသောတရုတ်ပညာရှင်များအားတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည်စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ဓာတ်အားပေးစက်ရုံ တည်ဆောက် ပြီးစီးမှုအခြေအနေ၊ ဂျင်နရေတာ တပ်ဆင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ စက်ရုံသို့ ဆက်သွယ်မည့် ဖိအားမြှင့် သံမဏိပိုက်လိုင်း ဆက်သွယ်တပ်ဆင်ရန် လုပ်ငန်းဆောင်ရွက်နေသည်များနှင့်ဖိအားမြှင့် သံမဏိပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်း၊ စက်ရုံရေထုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယခုအခါ ခပေါင်းရေအားလျှပ်စစ်စီမံကိန်းမှာ စီမံကိန်းတစ်ခုလုံး၏ ၈၅ ဒသမ ၄ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။ အဆိုပါ စီမံကိန်းပြီးစီးပါက ၁၅မဂ္ဂါဝပ် အင်အားရှိ လျှပ်စစ် ဓာတ်အားပေးစက်နှစ်လုံးတပ်ဆင်မည် ဖြစ်ရာ စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀ မှ လျှပ်စစ်ဓာတ်အားနှစ်စဉ်ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း သန်း၁၂၀ထုတ်လုပ်ဖြန့်ဖြူးပေးမည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်။

ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌စီမံကိန်းအသီးသီးမှ တာဝန်ရှိသူများအား မိုးရာသီတွင် ဖြစ်လေ့ရှိသော ရေကြီးရေလျှံခြင်းနှင့် သဘာဝဘေး အန္တရာယ်တို့ကို ကာကွယ်ရေးအတွက် စီမံချက်များ ကြိုတင်ရေးဆွဲထားသည့်အတိုင်း ဓာတ်တိုက်လေ့ကျင့်မှုများပြု လုပ်ထားကြရန်၊ မိုးရာသီတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင် ဆောင်ရွက်ကြရန်၊ အရှိန်အဟုန်ဖြင့် လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ ကြိုတင်စုဆောင်းထားကြရန်၊ လုပ်ငန်းသုံးပစ္စည်း၏ စံချိန်စံညွှန်းနှင့်အရည်အသွေးတို့ကို ဂရုစိုက်ရန်၊ စက်ပစ္စည်းများကို အပိုင်းလိုက် မှန်ကန်စွာတပ်ဆင်ကြရန်၊ လုပ်ငန်းသုံးယာဉ်နှင့်ယန္တရားများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်ကြရန်နှင့်ခြိုးခြံချွေတာရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားပြီးနောက် စီမံကိန်းအသီးသီး၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဋ္ဌာန်းရောင်တော်ဖွင့်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၄

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့်အသင်းက နှစ်စဉ်နှစ်တိုင်းကဲ့သို့ အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် အသင်းကြီး၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအထက်ထပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် အသင်းသား အသင်းသူများ လာရောက်ကြည်ညို ကုသိုလ်ယူကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက်က ဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေနှင့် ဂေါပကအဖွဲ့ဝင်များ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။ (၁၉၂)

❐ *ကျောဖုံးမှ*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့်အတူ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းတည့် ၁၂ နာရီတွင် အင်းတိုင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။

အစားထိုးသုံးစွဲ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း စစ်ဌာနချုပ် အင်းတိုင်တပ်နယ်၌ ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူပင်နှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာကြီးတွင် မြေအောက်မှထွက်သည့် ရေနံမှရရှိသောဒီဇယ်ဆီ၊ဓာတ်ဆီများကို အသုံးပြုသောကာလဖြစ်ပြီး ယင်းအသုံးပြုနေသောရေနံသည် ကုန်ခန်းတော့မည်ဖြစ်သည့်အတွက် နောင်နှစ်၄၀ခန့်အကြာတွင် ကမ္ဘာမြေကြီး၌ ရေနံကုန်ခန်းတော့မည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်းကို သိရှိရကြောင်း။ ယနေ့ လောင်စာဆီသည် တစ်နေ့ထက်တစ်နေ့ ဈေးနှုန်းကြီးမြင့်လာသည်ကို တွေ့ရှိရပြီး စက်ယန္တရားများအားလုံးသည် လောင်စာဆီနှင့်ပင် အသုံးပြုနေခြင်းဖြစ်သည့်အတွက် ကုန်ကျစရိတ်အလွန်များပြားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းပြဿနာများကို ဖြေရှင်းရန်အတွက် ဇီဝလောင်စာဆီကို အစားထိုးသုံးစွဲရန် ကြိုးပမ်းလျက်ရှိကြောင်း။

ကြက်ဆူဆီကို ထုတ်ယူရသည့် ခြစ်စည်းရိုးကြက်ဆူရိုင်းပင်သည် မြန်မာနိုင်ငံတွင် အပူပိုင်းခြောက်သွေ့သော ဒေသမှ စွတ်စိုသော သမပိုင်းအထိ တွေ့ရှိရပြီး မြန်မာနိုင်ငံ၏ ရေ မြေ ရာသီဥတုနှင့်ရင်းနှီးပြီးဖြစ်၍ မည်သည့်မြေမျိုးမဆို စိုက်ပျိုးပေါက်ရောက်နိုင်၍ တိရစ္ဆာန်များ ဖျက်ဆီးမှု၊ စားသုံးမှု မရှိဘဲ သာမန်ဂရုစိုက်ရုံမျှဖြင့် ဖြစ်ထွန်းနိုင်ကြောင်း မြန်မာနိုင်ငံအနှံ့အပြားတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး ထွက်ရှိလာမည့် အစေ့ကို ကြိတ်ရာမှ ထွက်လာသည့် အဆီကို ဇီဝလောင်စာဒီဇယ်ဆီအဖြစ် ထည့်သွင်းအသုံးပြု၍ရနိုင်ခြင်း၊ ကျန်ရှိသော ကြိတ်ဖတ်ကို သဘာဝမြေဩဇာအဖြစ် သုံးစွဲနိုင်ခြင်း၊ မြေဆီလွှာပြုန်းတီးမှု ကာကွယ်ခြင်း၊ ထင်းရရှိခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်း၊ ခြစ်စည်းရိုးအဖြစ် ကာရံခြင်း၊ လယ်ယာကန်သင်းများတွင် ကာရံခြင်းတို့အတွက် ခြစ်စည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးရန်လိုအပ်လာကြောင်း။

ခြစ်စည်းရိုးကြက်ဆူပင်ကို မြေလွတ်၊ မြေရိုင်းများတွင် စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ အခြားအပင်များ စိုက်ပျိုး၍ မဖြစ်ထွန်းနိုင်သော မြေညံ့များတွင် စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ သစ်တောစိုက်ခင်းများတွင် တစ်အုပ်တစ်မ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံကိန်းဝင်သီးနှံအဖြစ် စိုက်ခင်းကြီးများ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပြည်သူလူထုတွင် အလုပ်အခွင့်အလမ်းများ ရရှိနိုင်မည်သာမက နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်တင်းပေးနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံခြားငွေနှင့် ဝယ်ယူတင်သွင်းနေရသည့် စက်သုံးဆီဝယ်ယူရမှု သက်သာလာသည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုလုပ်နိုင်မှာဖြစ်ကြောင်း။

ယခုကဲ့သို့ ကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားများကို တပ်နယ်အလိုက်တွင် ကျင်းပပြီး တပ်နယ်အတွင်း၌ တပ်ရင်း တပ်ဖွဲ့အနေဖြင့်၊ ရန်ကုန်တိုင်းအနေဖြင့် ခြစ်စည်းရိုးကြက်ဆူပင်ကို သတ်မှတ်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မဖြစ်မနေ အောင်မြင်အောင် အကောင်အထည်ဖော် စိုက်ပျိုးသွားကြရန် အထူးအလေးအနက် မှာကြားလိုကြောင်း။

ခြစ်စည်းရိုးပင်ကြက်ဆူပင်သည်နိုင်ငံအတွင်း နေရာမရွေး စိုက်ပျိုးနိုင်ပြီး ဂရုစိုက်မှုအနည်းဆုံးဖြင့် စိုက်ပျိုးနိုင်လျှင် တစ်ဧက ၁၂၀၀ ပင် ဝင်ဆံ့မည်ဖြစ်ကြောင်း၊ ခြစ်စည်းရိုးအဖြစ်စိုက်လျှင် တစ်ပင်နှင့်တစ်ပင် လေးပေအကွာထားစိုက်ပြီး ခြစ်စည်းရိုးအဖြစ် ခြောက်ဧကတွင် စိုက်ပျိုးပါကတစ်ဧကစာ ရရှိမည်ဖြစ်ကြောင်း၊ ခြစ်စည်းရိုးကြက်ဆူပင် ၁၂၀၀မှဇီဝဒီဇယ်ဆီဂါလန်၁၀၀ ထွက်ရှိလာ မည်ဖြစ်ကြောင်း၊ တွက်ခြေကိုက်ပြီး အသုံးဝင်မှုလည်းများကာ ပြည်တွင်းဝင်ငွေဖြင့် လောင်စာဆီကိစ္စကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးစန်းမြင့်ဦးက အင်းတိုင်တပ်နယ်တွင် ခြစ်စည်းရိုးကြက်ဆူပင် ဧက ၁၆၅၀ ကို ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်လျာထားဧက ၁၆၅၀ တွင် စိုက်ပျိုးပြီး ၁၂၀၁ ဒသမ ၅ ဧက ရှိကြောင်း၊ စိုက်ပျိုးရန် ကျန်ရှိသည်မှာ ၄၄၈ ဒသမ ၅ ဧကဖြစ်ကြောင်း၊ ဆက်လက်စိုက်ပျိုးရန် မျိုးစေ့ ၃၆၄ ဒသမ ၆၉ ပြည်နှင့် မျိုးကိုင်း ၇၈၀၀၀ ကိုင်း စုဆောင်းထားရှိပြီး အချိန်မီပြီးစီးရန် ကြပ်မတ်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယခုနှစ်မိုးရာသီတွင် တပ်ရင်း၊ တပ်ဖွဲ့များ၌ ရတနာတန်းဝင်ပင်၁၆၅၀၀ နှင့် အရိပ်ရလေကာပင် ၄၁၀၀၀ တို့ကိုလည်း စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်နေရာ၌ ခြစ်စည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ တပ်နယ်မှူး ဗိုလ်မှူးကြီးစန်းမြင့်ဦးနှင့် တာဝန်ရှိသူများက ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်နေရာ၌ ရတနာတန်းဝင် ပျဉ်းကတိုးပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုးပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ရတနာတန်းဝင် ပိတောက်ပင်ကိုလည်းကောင်း၊ တပ်နယ်မှူး ဗိုလ်မှူးကြီးစန်းမြင့်ဦးက ရတနာတန်းဝင် ကျွန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခြစ်စည်းရိုးကြက်ဆူပျိုးပင်ပေါက်များ၊ မျိုးကိုင်းနှင့် မျိုးစေ့များကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းတို့သည် ခြစ်စည်းရိုးကြက်ဆူ မျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်များနှင့် မိသားစုများက ခြစ်စည်းရိုးကြက်ဆူပင်များ၊ ရတနာတန်းဝင်သစ်ပင်များနှင့် အရိပ်ရလေကာပင်များ တပျော်တပါးစိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဇဟိုစိုက်ပျိုးရေး သုတေသနနှင့် လေ့ကျင့်ပညာပေးဌာနသို့ ရောက်ရှိကြပြီး ဖြစ်ထွန်းအောင်မြင် သီးပွင့်လျက်ရှိသည့် ခြစ်စည်းရိုးကြက်ဆူပင်များကို လိုက်လံကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ဦးသင်းအောင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ အန်တိုနီယို ဒီ ဖာရီးယား အီး မာယာ အားခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ အန်တိုနီယို ဒီ ဖာရီးယား အီး မာယာသည် ၁၉၄၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး လစ်စဘွန်းတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ၁၉၇၉ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ပေါ်တူဂီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဇင်ဘာဘွေ၊ မိုဇမ်ဘစ်၊ နမီးဘီးယားနှင့် ယူကရိန်းနိုင်ငံများရှိ ပေါ်တူဂီနိုင်ငံ သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ ချီလီနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ်မှ ယနေ့ထိ ထိုင်းနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အန်တိုနီယို ဒီ ဖာရီးယား အီး မာယာသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။ **(သတင်းစဉ်)**

ဝါတွင်းကာလ အရက္ခဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း(အောက်) ဆွမ်းလောင်းအသင်းက ၁၃၆၉ခုနှစ် (၃၅)ကြိမ်မြောက် ဝါတွင်းကာလ (တနင်္ဂနွေနေ့တိုင်း) သံဃာတော်များအား အရက္ခဆွမ်းလောင်းလှူမည်ဖြစ်ရာ ဆွမ်းခံကြွတော်မူရန် ပင့်လျှောက်ထားကြောင်း သိရသည်။ (က-ပ)

မားစ်ခြင်ဆေးခွေ ကုန်ပစ္စည်းသစ် မိတ်ဆက်

ရန်ကုန် ဇူလိုင် ၂၄

မားစ်ခြင်ဆေးခွေ ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ Asia Light Co.,Ltd. မှ ဒါရိုက်တာဦးစိုးမြင့်နှင့် Sumitomo Chemical Co., Ltd. မှ လက်ထောက် အထွေထွေမန်နေဂျာ Mr. Manabu Eikuma တို့က အမှာစကား ပြောကြားကြသည်။ **(အောက်ပုံ)**

ထို့နောက် Sumitomo Chemical Co., Ltd. မှ မန်နေဂျာ Mr. Wilfian Lee က မားစ်ခြင်ဆေးခွေများတွင် ထည့်သွင်းအသုံးပြုထားသည့် ပိုးသတ်ဆေး အကြောင်းကို ပရိုဂျစ်တာဖြင့် ရှင်းလင်းပြသသည်။

မားစ်ခြင်ဆေးခွေကို Asia Light Co., Ltd. က ၂၀၀၆ ခုနှစ် မေလမှ စတင်ဖြန့်ချိခဲ့သည်။ မားစ်ခြင်ဆေးခွေသည် ပြည်တွင်းဈေးကွက်ရှိ အရောင်းရဆုံး ခြင်ဆေးခွေများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အစွမ်းထက်ထိရောက် ဘေးအန္တရာယ်ကင်းသော နည်းပညာများကို အသုံးပြုကာ မားစ်ခြင်ဆေးခွေကို ထုတ်လုပ်ထားသည်။ အသုံးပြုသော နည်းပညာသစ်မှာ ဂျပန်နည်းပညာဖြစ်ပြီး အသုံးပြုသော ပိုးသတ်ဆေးများကို ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းထားခြင်း ဖြစ်သည်။

မားစ်ခြင်ဆေးခွေကို Mars (10 coils), Mars News (10 coils), Mars Gold (12 coils), Mars Super (10 coils), Mars Power (12 coils), တို့ဖြင့် အမျိုးအစား ငါးမျိုးခွဲပြီး ထုတ်လုပ်ဖြန့်ချိထားသည်။ နည်းပညာအသစ်မှာ ယခင်အသုံးပြုထားသော နည်းပညာတွင် ပါဝင်သည့် ပိုးသတ်ဆေး နှုန်းထားနှင့်တူညီပြီး သုံးစွဲသူများအတွက် ပိုမိုထိရောက် ဘေးအန္တရာယ်ကင်းသော စွမ်းအင်ကို ပေးစွမ်းနိုင်သည်။ အစွမ်းထက်သော သဘာဝဆေးပင်များကိုသာ အသုံးပြုဖော်စပ်ထားပြီး ဓာတုဗေဒအမွှေးရနံ့များ အသုံးပြုထားခြင်းမရှိဘဲ သုံးစွဲသူမိသားစုနှင့် အထူးသဖြင့် ကလေးငယ်များတွင် ဘေးထွက်ဆိုးကျိုးမရှိဘဲ ထိရောက်သော ကာကွယ်မှုကို ပေးစွမ်းနိုင်သည်။ မားစ်ခြင်ဆေးခွေသည် ရှစ်နာရီကြာ အထွန်းခံသည်။ သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဈေးကွက်တွင် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီ၏လုပ်ရပ်များကို ထောက်ခံမှုမရှိ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် လပွတ္တာ၊မိုးကောင်းနှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့မှ ပါတီဝင်သုံးဦးနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးတင်ဦးသည် ဇူလိုင် ၁၂ ရက်တွင်လည်းကောင်း၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးစိန်အောင်သည် ဇူလိုင် ၁၃ ရက်တွင်လည်းကောင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးဘိုရီသည် ဇူလိုင် ၁၅ ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဆန္ဒအလျောက်နုတ်ထွက်

လပွတ္တာမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် နေပြည်တော် တပ်ကုန်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံမှုမရှိ၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ကသုံးထပ်အဆောင်သစ် ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့်ဧည့်သည်များသည် သုံးထပ်အဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တောင်ကြီးမြို့သားဖွားသင်တန်းကျောင်း ခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သောင်းအေးက အမှာစကားပြောကြားသည်။

ရည်မှန်းချက်

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူတိုင်း ကျရာကဏ္ဍကနေ အင်ပြည့်အားပြည့် ကြိုးပမ်းနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်း အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့အသက်ရှည်သည့် နိုင်ငံသူ နိုင်ငံသားလူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းစေရန် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဆေးဝါးကုသမှုနှင့်ရောဂါကာကွယ်မှု အခွင့်အလမ်းတို့ကို နေရာဒေသမရွေး၊ အချိန်မရွေးခံစားနိုင်ရန် ဆေးရုံဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ခေတ်မီဆေးရုံသုံး ပစ္စည်းကိရိယာများ၊ ဆေးဝါးများကို ဖြည့်တင်းပေးခြင်းနှင့် ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ၊ တိုးချဲ့ခန့်ထားပေးခြင်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်မှုကို ကြည့်လျှင် ၁၉၈၈ ခုနှစ်တွင် တစ်နိုင်ငံလုံးတွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများအပါအဝင် ဆေးရုံပေါင်း ၆၃၁ ရုံသာရှိခဲ့ရာ ယနေ့အထိ ဆေးရုံပေါင်း ၈၃၂ရုံ ရှိလာကြောင်း။

ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင်လည်း ၂၅ ခုတင်မှ ခုတင် ၅၀၊ ခုတင် ၁၀၀မှ ခုတင် ၂၀၀၊ နောက်ဆုံးခုတင် ၃၀၀ ဆံ့ဆေးရုံကြီးများနှင့် ခုတင် ၈၀၀ ဆံ့၊ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၆၀ အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီး ဆေးရုံအသစ် ၂၀၁ ရုံကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယင်းဆေးရုံသစ်ကြီးအတွက် မရှိမဖြစ်လိုအပ်သည့် ဆေးရုံသုံးပစ္စည်း ကိရိယာများနှင့် ခွဲစိတ်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဆေးဝါးများကိုလည်း ဖြည့်ဆည်းပေးထားကြောင်း။

စေတနာထား

ကျန်းမာရေးဝန်ထမ်းများကလည်း တာဝန်သိသိဖြင့် အမိ နိုင်ငံတော်၏ ကျေးဇူးတရားကို တုံ့ပြန်သည့်အနေဖြင့် ရိုးသားကြိုးစားပြီး ကျရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လူနာများအပေါ် စေတနာထား ပြုစုကုသပေးကြရန်လည်း အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ နောင်တံ့ ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးစိုင်းတစ်အောင်က သုံးထပ်အဆောင်သစ်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က လက်ခံသည်။

ယင်းနောက် နောင်တံ့ဆောက်လုပ်ရေးကုမ္ပဏီက ဖွင့်ပွဲအထိမ်း အမှတ်ကြေးပြားတံဆိပ်များကို တိုင်းမှူးနှင့်ဝန်ကြီးများအား ပေးအပ်သည်။

အလှူငွေပေးအပ်

ထို့နောက် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးရုံအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မသီဂိ၊ သီရိသုဓမ္မသီဂိ၊ အဂ္ဂမဟာ သီရိသုဓမ္မသီဂိ ဒေါ်နန်းသန်းထွေးတို့က ငွေကျပ်သိန်း၁၀၀နှင့် ဦးစိုင်းတစ်အောင်(နောင်တံ့ ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ် ၄၅သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက လက်ခံသည်။

ဆက်လက်၍ Airsep ဝယ်ယူရန် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးက ငွေကျပ် ၁၅သိန်းနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဒေါက်တာကျော်မြင့်ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်း

ယင်းနောက် ဦးအေးကျော်၊ ဒေါ်အေးအေးမြင့်(ဥက္ကဋ္ဌ၊ရှမ်းပြည်နယ်ကုန်သည်ကြီးများအသင်း)က ငွေကျပ်ငါးသိန်းနှင့် ဦးအေးဝင်း(အင်ကြင်းမွှေးကုမ္ပဏီ)က ငွေကျပ်၁၃သိန်း တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကိုပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူဖခင် ဦးမေအောင်၊ မိခင်ဒေါ်အေးရှင်နှင့် အစ်မကြီး ဒေါ်ခင်လှနုတို့အား ရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် ပိတောက်ပင်လမ်း အမှတ် ၁၆နေ သား ကိုအေးအောင်၊ သမီးမခင်မျိုးသစ်တို့က အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) (သဒ္ဓမ္မဇောတိကဓဇ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

■ ရှေ့ဖုံးမှ

ရောင်းချရရှိသည့်ငွေ(နိုင်ငံခြားငွေဖြစ်ပါက တစ်ရာခိုင်နှုန်း၊ မြန်မာငွေ ကျပ်ဖြစ်ပါက သုံးရာခိုင်နှုန်း)ကို ကော်မရှင်ခအဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ကာ ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်) ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် အမှတ် ၂၄/၂၆ (ယခင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၀၅၃နှင့် ၃၇၀၅၆၀ တို့သို့လည်းကောင်း၊ မြန်မာအင်ပရီယယ်လ်ဂျိတ် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် အမှတ်၂၂ ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၆၆၆၂၁၈ နှင့် ၆၆၆၂၃၉တို့သို့ လည်းကောင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ကယားပြည် နယ်အသင်းကို ကိုးဂိုး–တစ်ဂိုးဖြင့် နိုင်ပြီး ညနေပိုင်းပွဲစဉ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အသင်းက ပဲခူးတိုင်းအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အုပ်စု(ခ)

(ခ)အုပ်စုရွှေမန်းတောင်အားကစားကွင်း နံနက်ပိုင်းပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ပြီး ညနေပိုင်းပွဲစဉ်တွင် ချင်းပြည်နယ် အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အုပ်စု(ဂ)

(ဂ)အုပ်စု ပြင်ဦးလွင်ခရိုင် အားကစားကွင်း နံနက်ပိုင်းပွဲစဉ်တွင် ရန်ကုန်တိုင်းအသင်းက မကွေးတိုင်းအသင်းကို လေးဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ညနေပိုင်းပွဲစဉ်တွင် စစ်ကိုင်းတိုင်းအသင်းနှင့် တနင်္သာရီတိုင်းအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

အုပ်စု(ဃ)

(ဃ)အုပ်စု ကျောက်ဆည်ခရိုင် အားကစားကွင်း နံနက်ပိုင်းပွဲစဉ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး ညနေပိုင်းပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမအဆင့် ပွဲစဉ်ပြိုင်ပွဲများကို ဇူလိုင် ၂၆ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၃ ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ဇေရက်ရွှေဆိုင်ပိုင်ရှင် ဦးဇော်ဝင်းလှိုင်–ဒေါ်ဇေမောတို့က ငွေကျပ်သုံးသိန်း လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသည့် ဦးအေးကိုနှင့် ဦးအုန်းကြိုင်တို့က လက်ခံယူကြစဉ်။ (က–ပ)

ညောင်တုန်းကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၄

ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် စာချ စာသင်သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်မြတ်အပါး ၂၅၀အား ပရိယတ္တိ သာသနပါလအသင်းက ကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၉ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင် အဘိဓဇ ဆွမ်းစားကျောင်း ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပလက်ဝ ဗုဒ္ဓဘာသာကလျာဏအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာကလျာဏအသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၂၉ ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီခွဲတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း သိမ်ကုန်းကျောင်းတိုက်အတွင်းရှိ ပညာလင်္ကာရ(ပလက်ဝ)ဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့် မြို့နယ်သူမြို့နယ်သားများ၊ စေတနာရှင်များ တက်ရောက်ပါဝင်လှူဒါန်းနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၄

လယ်တီ ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ အကြိမ်(၁၁၀) လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဦးနှောက်နှင့် အာရုံကြောရောဂါကုပညာ အဖွဲ့က ကြီးမှူး၍ မှူးဝေသော ဝေဒနာရှင်များအတွက် လက်တွေ့ကုထုံး "The Dizzy Patient Practical Approach" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇူလိုင် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာစိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅–၇–၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် – ဝါဆိုမည်ဆန်းမြတ်သင်္ကန်း
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၁၀	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၂၀	၇။	ကုန်စည်တိုးပွား တွံတေးတံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀	၅။	မြန်မာစာ မြန်မာစကား
၁၇:၁၅	၆။	သီချင်းကြီးသရုပ်ဖော်
၁၇:၂၅	၇။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၂၀	၉။	မိုးလေဝသအခြေအနေ
၁၈:၂၅	၁၀။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅	၁၁။	Discovery
၁၉:၁၅	၁၂။	ပျော်ရွှင်ဆင်နွှဲ ဝါဆိုပန်းခူးပွဲ
၁၉:၂၀	၁၃။	**မီးမီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် [ဒါရိုက်တာ–အောင်မိုး(ပါရီ)]
၁၉:၃၅	၁၄။	အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းချက်)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **ဖျော့ဖျော့လေးနဲ့လှတဲ့ပန်း** နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ–မောင်မောင်ဦး–စနိုးပိုက်)

Beauty Palace ကုမ္ပဏီ ကုန်ပစ္စည်းအသစ်မိတ်ဆက်

ရန်ကုန် ဇူလိုင် ၂၄

Beauty Palace ကုမ္ပဏီလီမိတက်၏ ထုတ်ကုန်အသစ်ဖြစ်သော One Plus One ခေါင်းလျှော်ရည်နှင့် ပုလဲသွားတိုက်ဆေးတို့၏ ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲနှင့် ၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်းက စတင်ခဲ့သော A-21 ဆပ်ပြာ၊ A-21 ခေါင်းလျှော်ရည်နှင့် Best-Tသွားတိုက်ဆေးတို့၏ ကံစမ်းမဲဖွင့်ပွဲကို ဇူလိုင် ၁၉ရက်က ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ် Executive Club ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတစ်ဝန်းမှ ကုန်သည်ကြီးများ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂၄

နိုင်ငံလုံးကျွတ် ဓမ္မစကြာနှင့် ဝိပဿနာ ပြန့်ပွားရေးအသင်းချုပ် (စစ်ကိုင်းတောင်ရိုး)မှ နဝမအကြိမ် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲ (၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာနေ့) ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် နဝမအကြိမ် ဓမ္မစကြာအခါတော်နေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံလုံးကျွတ် ဓမ္မစကြာနှင့် ဝိပဿနာပြန့်ပွားရေး အသင်းချုပ် စစ်ကိုင်း၊ မန္တလေးတို့မှ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် အသင်းချုပ် သီလရှင်ဆရာကြီးများအား သီလရှင်ဝတ်စုံများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုလက်စထရောနည်းလွန်းလျှင် ကင်ဆာရောဂါဖြစ်ပွားနိုင်

လန်ဒန် ဇူလိုင် ၂၄

ခန္ဓာကိုယ်အတွင်း ကိုလက်စထရော တည်ရှိမှု သာမန်အောက် လျော့နည်းပါက ကင်ဆာရောဂါဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များ၏ တွေ့ရှိချက်တစ်ရပ်၌ ဖော်ပြသည်။

လူ ၄၀၀၀၀ အား သုတေသနပြုလေ့လာခဲ့ရာ ခန္ဓာကိုယ်အတွင်း ကိုလက်စထရော အနည်းငယ်မျှသာရှိသော လူတို့တွင် ကင်ဆာဖြစ်ပွားမှုများ တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

တွေ့ရှိချက်

ထို့အတူ ခန္ဓာကိုယ်အတွင်း ကိုလက်စထရော နည်းပါးလွန်းခြင်းသည် နှလုံးရောဂါကိုလည်းဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရသည်ဟု ဗြိတိသျှ သုတေသနပညာရှင်များ၏ တွေ့ရှိချက်၌ ဖော်ပြထားသည်။

ထို့ကြောင့် ကိုလက်စထရော လျော့နည်းလွန်းခြင်းသည် ကင်ဆာရောဂါဖြစ်ပွားမှုကို တွန်းအားပေးသည့်အပြင် အခြားရောဂါများ ဖြစ်ပွားမှု ပိုမိုမြင့်မားစေသည့်အတွက် ခန္ဓာကိုယ်အတွင်းမျှတမှုရှိစေရန် စားသောက်နေထိုင်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ (အင်တာနက်)

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဇူလိုင် ၂၄

ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၄ရက်အထိကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၁ ဒသမ ၁ ပေခန့် အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၂၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၀ရက်က နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်လယ်ဝေး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇူလိုင် ၂၁ရက် နံနက်ရနာရီက နေပြည်တော်လယ်ဝေး၌ ကျင်းပသော မိုးရာသီခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မစိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

တက်ရောက်

အဆိုပါစိုက်ပျိုးပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ နေပြည်တော် လယ်ဝေး တပ်နယ်မှအရာရှိများ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထု စုစုပေါင်းအင်အား ၃၀၀၀ခန့် တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုနှင့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့က ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များသို့ ခြံစည်းရိုးကြက်ဆူပင်များကို ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကြပြီး **(အပေါ်ပုံ)** ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူလူထုတို့က ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်လယ်ဝေး၌ ၂၀၀၇-၂၀၀၈ ခုနှစ်၌ ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း ၈၅၄၆၀ စိုက်ပျိုးရန်လျာထားပြီး ၅၁၅၄၈ ကေ စိုက်ပျိုးပြီးစီး၍ ရာခိုင်နှုန်းအားဖြင့် ၉၄ဒသမ၃ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်စေတနာနှင့် မြစ်မေတ္တာ သူနာပြုအကူသင်တန်းက ဆေးဝါးလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့ရှိ မြစ်စေတနာနှင့် မြစ်မေတ္တာ သူနာပြုအကူသင်တန်းမှ အုပ်ချုပ်သူ ဆရာမ ဒေါ်ခိုင်ဝါမြင့်၊ ဒေါ်မျိုးမျိုးအေးနှင့် ဒေါ်ပွင့်ဖြူဖြူဟန်တို့ ဦးဆောင်သော သင်တန်းသားသင်တန်းသူ ၅၆ ဦးတို့သည် တွံတေးမြို့နယ် ဖောင်းတော်ချုပ် သက်သတ်လွတ် သာသနာ့နယ်မြေသို့ ဇူလိုင် ၁၄ ရက် နံနက်၁၀နာရီက ရောက်ရှိကြရာ ရှေးဦးစွာ ဖောင်းတော်ချုပ် သာသနာ့နယ်မြေ ပဓာန နာယကဆရာတော် ဦးပညာဝံသနှင့် ဆရာတော်ကြီး ကိုးပါးအား သက်သတ်လွတ်ဆွမ်းများ ဆက်ကပ်လှူဒါန်း၍ သာသနာ့နယ်မြေအတွင်းရှိ ရဟန်း၊ သံဃာ၊ သီလရှင်နှင့် ယောဂီပုဂ္ဂိုလ်များအား ဆေးဝါးလှူဒါန်းခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများ ကျင်းပကြသည်။ ထို့နောက် သာသနာ့နယ်မြေ ဝေယျာဝစ္စအတွက် အလှူငွေ ကျပ်တစ်သောင်းနှင့် ဆရာတော်ကြီးများအတွက် နေ့ဆွမ်းအလှူငွေကျပ်တစ်သောင်း စုစုပေါင်းငွေကျပ်နှစ်သောင်းကို သင်တန်းသူများက ဆရာတော် ဦးပညာဝံသထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ တက်ရောက် စည်ပင်သာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၂၂ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ စည်ပင်သာယာရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

၎င်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော စီမံကိန်းကြီး (၃)ရပ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ယာဉ်အတွက် ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၆၇သိန်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းရာမြို့နယ်ဥက္ကဋ္ဌဦးမြဦးက လက်ခံရယူသည်။ **(အပေါ်ပုံ)**

လက်ခံရယူ

ဆက်လက်၍ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက မီးသတ်ယာဉ်နှင့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဦးက လက်ခံယူသည်။

လေ့ကျင့်ပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မီးသတ်ယာဉ် အသုံးပြုကာ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ လေ့ကျင့်ပြသမှုအား ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည်ပန်းတနော်မြို့နယ် ချောင်းကလေးကျေး ရွာအုပ်စု ချောင်းကလေးစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ချောင်းကလေးစံပြကျေးရွာ ကျေးလက် ကျန်းမာရေးအဆောက်အအုံသစ်ကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ချောင်းကလေးစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးမှု၊ဝန်ထမ်း ဖွဲ့စည်းပုံနှင့် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မည့် အစီအစဉ်များကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်က ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဖိုးလမင်း စိုက်ပျိုးမွေးမြူရေး ကုမ္ပဏီမှ ဦးကျင်ငြိမ်း၊ ဒေါ်အေးမြင့် မိသားစုက လှူဒါန်းငွေကျပ်သိန်း၆၀၊ ဦးငြိမ်းမြိုင်၊ ဒေါ်ခင်ရီ မိသားစုက လှူဒါန်းငွေ ကျပ်သိန်း၆၀ ၊ ပျားဝတ်ရည် အင်တာပရိုက်စ် ဦးကျော်ဆန်း၊ သီဟသုခမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်ဝင်း မိသားစုက လှူဒါန်းငွေ ကျပ်၁၀သိန်းနှင့် ဦးမျိုးဆွေ၊ ဒေါ်ခင်အုန်းမြင့် ကောင်းမြတ်မွန်ပွဲရုံ ဘုရင့်နောင် ရန်ကုန်မြို့က ငွေကျပ် နှစ်သိန်းတို့အား အသီးသီးပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က လက်ခံယူသည်။

ထို့နောက် ဦးတင်မြင့်၊ ဒေါ်ခင်လှိုင်မိသားစုနှင့် ချောင်းကလေး၊ အိုးဘို၊ ကပိုင်၊ ကတောက်ဆပ်နှင့် ဆုတောင်းပြည့်ကျေးရွာနေပြည်သူများမှ စုစုပေါင်း လှူဒါန်းငွေကျပ် ၁၁ သိန်း တို့အား အသီးသီးပေးအပ်လှူဒါန်းရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းနှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းတို့က လက်ခံရယူသည်။

လှူဒါန်း

ဆက်လက်၍ ကျန်းမာရေးဌာနအတွက် ငွေကျပ်၂၂သိန်းတန်ဖိုးရှိ ပရိဘောဂနှင့် ဆေးခန်းလုပ်ငန်းသုံး ပစ္စည်းများအားအလှူရှင်များဖြစ်ကြသောဦးကြည်ဝင်းစန်း-ဒေါ်အေးမြင့်မိသားစု၊ ဦးကျော်ထွန်း-ဒေါ်ညွန့်၊ ဦးသန်းဌေး-ဒေါ်နန့်နေကြည်ဝင်း၊ ဒေါ်အုန်းမေ သမီးမအေးအေး၊ ဦးမန်းမြမောင်-ဒေါ်ဂါမသောင်း၊ ဦးအောင်မိုး၊ ဒေါ်ခင်ခင်အေးနှင့် ဦးလှဝင်း-ဒေါ်စန်းမိသားစုတို့က ပေးအပ်လှူဒါန်းရာ ပန်းတနော်မြို့နယ် ဥက္ကဋ္ဌ ဦးမြဦးက လက်ခံရယူသည်။

ပေးအပ်

ထို့နောက် ချောင်းကလေးစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား အလှူရှင်များကိုယ်စား ပန်းတနော်မြို့က အလှူရှင် ဦးကျင်ငြိမ်းနှင့် ဦးငြိမ်းမြိုင်တို့က လွှဲပြောင်းပေးအပ်ရာ ပန်းတနော်မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်က လက်ခံရယူသည်။

ဆက်လက်၍ ချောင်းကလေးစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ၊ ရပ်မိရပ်ဖ ဦးလှဝင်းက ကျေးရွာသူ ကျေးရွာသားများ ကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ဝန်ကြီးဌာနပေါင်းစုံဒုတိယအဆင့်ဘောလုံးပြိုင်ပွဲ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအသင်းအနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း ညနေ ၄ နာရီပွဲ (ဃဃ)အုပ်စု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ၂ - ၀ ပညာရေးဝန်ကြီးဌာန

အဆိုပါဘောလုံးပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယင်းပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ဝေလင်းနိုင်နှင့် ကျော်သူရထွန်းတို့က တစ်ဂိုးစီသွင်းယူကြသည်။

ဇူလိုင် ၂၅ ရက် **(ယနေ့)** ညနေ ၄နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဃဃ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဇူလိုင်၂၆ ရက်တွင် (ကက)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်း

ယှဉ်ပြိုင်ကစား

ဝန်ကြီးဌာနပေါင်းစုံ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် (ဃဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်းစဉ်)

တို့သည်လည်းကောင်း၊ ဇူလိုင်၂၇ရက်တွင် (ကက)အုပ်စုမှ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ နေ့စဉ် ညနေ ၄ နာရီတွင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မြန်မာအားကစားအဖွဲ့ အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ရွက်လှေနှင့်လှေလှော်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မည်

ပြည်တွင်းအားကစား

အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲနှင့် ကနူးကယက်လှေလှော်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလှေလှော်အဖွဲ့အား အုပ်ချုပ်သူ၊ အသင်းခေါင်းဆောင်တို့နှင့် အတူ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် တွေ့ရစဉ်။

(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် အသက် ၂၀အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာဘောလုံးအားကစားအဖွဲ့၊ အင်္ဂလန်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဥရောပသက်ငယ်တန်း တံခွန်စိုက်ရွက်လှေပြိုင်ပွဲ၊ ဂျာမနီနိုင်ငံ ဆယ်လီမြို့နှင့်မြူးနစ်မြို့တို့တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ၊ မြန်မာလှေလှော်အားကစားအဖွဲ့နှင့် ကနူးကယက်လှေလှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာကနူးကယက် လှေလှော်အားကစားအဖွဲ့များတွေ့ဆုံပွဲကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားအဖွဲ့မှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနည်းပြဆရာနှင့် ပြိုင်ပွဲဝင်အားကစားမောင်မယ်များ တက်ရောက်ကြသည်။

လိုက်ပါသွား

မြန်မာဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်ဦးမောင်ဝင်း၊ အုပ်ချုပ်သူဦးတင်ဟန်(မြန်မာ့လက်ရွေးစင်ဟောင်း)၊ နည်းပြအဖြစ် ဦးဆန်းဝင်း(ဆောက်လုပ်ရေး)၊ လက်ထောက်နည်းပြဆရာ ဦးစိုးမိုး(စီးပွား/ကူးသန်း)၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦး(ရထား)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအောင်ကိုကိုဝင်း၊ လက်ထောက်ဆရာဝန် (အား/ကာဦးစီးဌာန)တို့ လိုက်ပါသွားကြမည်ဖြစ်သည်။

ကနူးနှင့်ကယက် လှေလှော်ပြိုင်ပွဲ အသင်းခေါင်းဆောင်အဖြစ်လိုက်ပါဆောင်ရွက်မည့် ရုရှားနည်းပြဆရာ Dr. Boris Polyakov။

(မြန်မာ့အလင်း)

ပါဝင်

လူငယ်ဘောလုံးအသင်းတွင် **(ဂိုး)** ဗန်လားဟာရွယ် (ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း)၊ နေလှိုင် (ROYAL ELEVEN FC)၊ **(နောက်တန်း)**နေအောင်(ဆောက်လုပ်ရေး)၊ နိုင်လင်းထွန်း(စွမ်းအင်)၊ ဇော်နိုင်ထွန်း(ရန်ကုန်မြို့တော်စည်ပင်)၊ ရန်မျိုးအောင်(လယ်/ဆည်)၊ မင်းကိုကို(စီးပွား/ကူးသန်း)၊ သန်းထွန်းအောင်(ရထားပို့ဆောင်ရေး)၊ **(အလယ်တန်း)** မြင့်နိုင်(ဘဏ္ဍာ/အခွန်)၊ ဒေးဗစ်ဒန်း(အား/ကာသိပ္ပံ၊မန္တလေး)၊ ကိုကိုမောင်(စွမ်းအင်)၊ ဇော်လင်း(အား/ကာသိပ္ပံရန်ကုန်)၊ ပြည့်ဖြိုးဦး(ပို့ဆောင်ရေး)၊ ဝေလင်း(အား/ကာသိပ္ပံ၊ မန္တလေး)နှင့် တင်ဝင်းအောင် (အား/ကာသိပ္ပံ၊ မန္တလေး)တို့ ဖြစ်ပြီး **(ရှေ့တန်း)**တွင် အောင်ကျော်မျိုး(စွမ်းအင်)၊ ဇင်မျိုးအောင်(ရန်ကုန်မြို့တော်စည်ပင်)နှင့် ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)တို့ပါဝင်ကြမည်ဖြစ်သည်။

ရွက်လှေ

အပြည်ပြည်ဆိုင်ရာ ဥရောပသက်ငယ်တန်း တံခွန်စိုက်ရွက်လှေပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ အလွတ်တန်း ရွက်လှေပြိုင်ပွဲတွင် အသင်းခေါင်းဆောင်အဖြစ် ဦးမင်းဇော် (နည်းပြ-မြန်မာနိုင်ငံရွက်လှေ အဖွဲ့ချုပ်)က ဆောင်ရွက်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ရွက်လှေမောင်မယ်များမှာ နေလကျော်(အထက-၂၊ ကမာရွတ်)၊ မင်းမင်း(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ စုစန္ဒာဝေ Grade-12,Y.I.E.C နှင့် ခင်ညိုလင်း (အထက-၃ တာမွေ)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်။

ယှဉ်ပြိုင်မည်

အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲတွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဖေဝင်းဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားများမှာ ရွှေဇင်လတ်(စက်မှု-၂)၊ မြင့်မြင့်ထွေး(ဆောက်လုပ်ရေး)၊ သန်းသန်းနွယ် (မွေး/ရေ)နှင့် မြင့်မြင့်ဦး (မွေး/ရေ)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကနူးကယက်လှေလှော်ပြိုင်ပွဲတွင် အသင်းခေါင်းဆောင်အဖြစ် ရုရှားနိုင်ငံမှ ကနူးကယက်လှေလှော်နည်းပြဆရာ Dr. Boris Polyakov က ဆောင်ရွက်ပြီး ရွက်လှေလှော်ပြိုင်ပွဲတွင် ခင်မောင်မြင့် (ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း)နှင့် နော်အားလယ်လားရီး (စက်မှု-၂)နှင့် ကနူးလှေလှော်ပြိုင်ပွဲတွင် ဝင်းထိုက်(စက်မှု-၂)နှင့် စောစတေဖာနူး(မွေး/ရေ)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ ဥရောပ သက်ငယ်တန်း တံခွန်စိုက်နှင့် အလွတ်တန်း ရွက်လှေပြိုင်ပွဲပါဝင်ဆင်နွှဲမည့် မြန်မာရွက်လှေအဖွဲ့အား မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်နှင့်အတူ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် အသက် ၂၀ အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲမည့် မြန်မာလူငယ်ဘောလုံးအဖွဲ့အား အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် တွေ့ရစဉ်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

အာဆင်နယ်ကို စွန့်ခွာ ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့သွားတဲ့ ယွန်းဘတ်

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဇူလိုင် ၂၄

ဒီနှစ်နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ကာလမှာ အသင်းကနေပြီး ထွက်ခွာသွားတဲ့ ဘောလုံးသမားတွေရဲ့ သတင်း အလှုပ်ခတ်ဆုံးကတော့ အာဆင်နယ်အသင်းပဲ ဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိသွားသော ယွန်းဘတ်(ဝဲ)အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မကြာမီက အာဆင်နယ်အသင်းရဲ့ အမှတ်သင်္ကေတ ကစားသမားဖြစ်တဲ့ အွန်နရီဟာ ဘာစီလိုနာကို ပြောင်းရွှေ့သွားခဲ့ပြီးနောက်မှာ အခုအာဆင်နယ်ရဲ့ ကွင်းလယ်ကစားသမား ယွန်းဘတ်လည်း ဝက်စ်ဟမ်းနဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်ပါတယ်။

ယွန်းဘတ်နဲ့ အွန်နရီ တို့ဟာ အာဆင်နယ်မှာ နှစ်ရှည်ကစားလာခဲ့ကြတဲ့ဘောလုံးသမားတွေဖြစ်ပါတယ်။

ဆွီဒင်နဲ့အာဆင်နယ်ကွင်းလယ် ကစားသမား ယွန်းဘတ်ဟာ ၁၉၉၈ ခုနှစ်က ဟယ်လ်မင်စတိတ် အသင်းကနေပြီး ပေါင်သုံးသန်းနဲ့ အာဆင်နယ်အသင်းကို စတင်ရောက်ရှိခဲ့သူဖြစ်ပါတယ်။

အသက် ၃၀အရွယ်ရှိနေပြီ ဖြစ်တဲ့ အာဆင်နယ်ကွင်းလယ် ကစားသမား ယွန်းဘတ်ဟာ အာဆင်နယ် အတွက် စုစုပေါင်း ၃၂၅ပွဲ ကစားပေးခဲ့ ပြီး ဂိုးပေါင်း ၇၂ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့သူပါ။

ပြောင်းရွှေ့

ကွင်းလယ် ကစားကွက်ကို ထိန်းချုပ်နိုင်သူဖြစ်ပြီး တိုက်စစ်အားသန်တဲ့သူတစ်ဦးလည်းဖြစ်ပေမယ့်ပြီးခဲ့တဲ့ ဘောလုံးရာသီမှာအာဆင်နယ်အတွက် ပုံမှန်ပွဲထွက်ကစားခွင့်မရခဲ့တဲ့ ယွန်းဘတ်ဟာ အာဆင်နယ် အသင်းမှာ ဆက်လက်ရပ်တည်ဖို့ မဖြစ်နိုင်တော့တာမို့ အခုလိုဝက်စ်ဟမ်း အသင်းကို ပြောင်းရွှေ့ခဲ့ရခြင်း ဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။

စာချုပ်ချုပ်

ဝက်စ်ဟမ်းအသင်းနဲ့ အပြီးသတ်စာချုပ်လိုက်ပြီဖြစ်ပေမယ့် ပြောင်းရွှေ့ကြေးကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။ နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ကာလကတည်းက ယွန်းဘတ်အနေနဲ့ အာဆင်နယ်အသင်းကနေပြီး ထွက်ခွာတော့မယ်ဆိုတဲ့ သတင်းတွေဖြစ်ပေါ်နေခဲ့တာဟာ အခုတော့ ဝက်စ်ဟမ်းနဲ့ တရားဝင်စာချုပ် ချုပ်ဖြစ်သွားခဲ့ပါပြီ။

အခုလိုယွန်းဘတ်အနေနဲ့ အာဆင်နယ်အသင်းကနေပြီး ထွက်ခွာသွားမှုဟာ အွန်နရီပြီးရင် အာဆင်နယ်အတွက် ဒုတိယအကြီးမားဆုံး ဆုံးရှုံးနစ်နာမှုဖြစ်စေတဲ့ ဘောလုံးသမားတစ်ဦးပါပဲ။

အာဆင်နယ်ကနေပြီး ထွက်ခွာမသွားဖို့ နည်းပြအာစင်ဝင်းဂါး အတန်တန်ဖျောင်းဖျခဲ့ပေမယ့် ယွန်းဘတ်ဟာ သူ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘဲ ဝက်စ်ဟမ်းအသင်းနဲ့ နှစ်နှစ်စာချုပ် ချုပ်ခဲ့ပါတယ်။ မိမိဟာ အာဆင်နယ်အသင်းမှာ ကစားရတာပျော်ပေမယ့် ဒီထက်အချိန်ကြာကြာ ထပ်နေဖို့ မဖြစ်နိုင်တော့ဘူးလို့ ယွန်းဘတ်က ပြောကြားလိုက်ပါတယ်။

မိမိအနေနဲ့ အာဆင်နယ်အသင်းမှာ ၁၀ နှစ်နီးပါးလောက် ကစားခဲ့ပြီးဖြစ်လို့ တာဝန်လည်း ကျေခဲ့ပါပြီ၊ ဒီအတွက် အာဆင်နယ် ပရိသတ်တွေ နားလည်မှု ပေးနိုင်ပါလိမ့်မယ်လို့လည်း တောင်းပန်စကားဆိုခဲ့ပါတယ်။

ဆုံးဖြတ်ထား

နောက်ပြီး အာဆင်နယ်အသင်းကနေပြီး ကစားဖော် အွန်နရီ ထွက်ခွာသွားခဲ့မှုဟာ သူ့အတွက် စိတ်ထိခိုက်မှု ဖြစ်စေခဲ့တယ်လို့လည်း ယွန်းဘတ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အာဆင်နယ်အသင်းက မထွက်ခွာခင်ကတည်းက အင်္ဂလန်မှာပဲ ကစားဖို့နဲ့ စပိန်နဲ့ အီတလီကလပ်တွေမှာ သွားမကစားဘူးဆိုတာကိုတော့ အရင်ကတည်းက ဆုံးဖြတ်ထားခဲ့တယ်လို့ ဆိုပါတယ်။

ဒါကြောင့်လည်း စပိန်နဲ့ အီတလီကလပ်တွေကပြောင်းရွှေ့ဖို့ ကမ်းလှမ်းခဲ့ပေမယ့် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းကိုပဲ ရွေးချယ်ခဲ့တာလို့ ယွန်းဘတ်က ပြောကြားလိုက်ပါတယ်။

ဝက်စ်ဟမ်းကိုယွန်းဘတ် ပြောင်းရွှေ့လာတာဟာ အသင်းအောင်မြင်မှုအတွက် တကယ့်ကို ထိရောက်တဲ့ အကျိုးပြုမှုတွေကို ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့မိမိအပြည့်အဝ ယုံကြည်နေကြောင်း ဝက်စ်ဟမ်းနည်းပြ အလန်ကာဘီစလေကပြောကြားနေပါတယ်။

အားရဝမ်းသာ

နောက်ပြီး ယွန်းဘတ်ဟာ ကိုယ်ပိုင်ခြေစွမ်းနဲ့ စွမ်းရည်ထက်မြက်တဲ့ ပါရမီရှင်ဘောလုံးသမားတစ်ဦးဖြစ်တဲ့အပြင် ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်အတွေ့အကြုံလည်း များတဲ့သူဖြစ်တာကြောင့် ဝက်စ်ဟမ်းအသင်းကိုလာမယ့် ဘောလုံးရာသီတွေမှာ အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်မယ့် ဘောလုံးသမားတစ်ဦးဖြစ်တယ်လို့ အလန်ကာဘီစလေက အားရဝမ်းသာ ပြောကြားနေပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

မာစီးဒီး တင်းနစ်ဖလားပြိုင်ပွဲ ရာဖေးလ်နာဒယ် အနိုင်ရဖိုလ်ခွဲ

ပြိုင်ပွဲတွင် အနိုင်ရပြီး အောင်ပွဲခံနေသော ရာဖေးလ်နာဒယ်။ (ဓာတ်ပုံ-အင်တာနက်)

စတုဂတ် ဇူလိုင် ၂၄

ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ကျင်းပသော မာစီးဒီးဖလား တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၂) တင်းနစ် အားကစားသမား ရာဖေးလ်နာဒယ် သည် ဆွတ်ဇာလန်မှ ဝါရင်ကာအား ၆-၄၊ ၇-၅ဖြင့်နိုင်ပြီး ယခုနှစ် ရာသီအတွက် ခြောက်ကြိမ်မြောက်ဖလားအဖြစ်ဆွတ်ခူးနိုင်ခဲ့သည်။

အနိုင်ရ

ပြင်သစ် အိုပင်းချန်ပီယံ သုံးဆုရှင် ရာဖေးလ်နာဒယ်သည် ဒုတိယပွဲစဉ်တွင်၅-၂ဖြင့်ရှုံးနေရာမှပြန်လည်ကြိုးစားခဲ့ရာမှ အနိုင်ရလိုက်ခြင်း ဖြစ်သည်။ အသက် ၂၁နှစ်ရှိ အဆိုပါ ကမ္ဘာ့နံပါတ်(၂)တင်းနစ်အားကစားသမားသည် ၂၀၀၅ခုနှစ် ဧပြီလမှစပြီး ပွဲပေါင်း၉၄ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ၉၃ပွဲ အနိုင်ရခဲ့သူဖြစ်သည်။

ဒဏ်ရာရရှိ

စပိန်နိုင်ငံသား အဆိုပါ တင်းနစ်ကစားသမားသည် ယင်းပြိုင်ပွဲကို နှစ်နာရီကျော်ကြာ ယှဉ်ပြိုင်ကစားခဲ့ရသည်။ သို့ရာတွင် ဒူးခေါင်းဒဏ်ရာရရှိခဲ့သည်။

ရှုံးနိမ့်

၎င်းသည် မေလက ဟမ်းဘတ် မာစတာဖလားပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ် (၁)ရော်ဂျာဖက်ဒဲယားကို တစ်ပွဲသာ ရှုံးနိမ့်ခဲ့သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ မြင့်မောင်စိုး

နေသဟာယလိုက်ဝိတ်ချန်ပီယံ အမီရာခန် နောက်တစ်ပွဲ ထိုးသတ်မည်

ချန်ပီယံ သရဖူကာကွယ်ပွဲ နောက်တစ်ပွဲ ထိုးသတ်မည့် အမီရာခန်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇူလိုင် ၂၄

ပြီးခဲ့သည့် သီတင်းပတ်က နေသဟာယလိုက်ဝိတ် လက်ဝှေ့ချန်ပီယံ ကာကွယ်ပွဲအဖြစ် အမီရာခန်ကစိန်ခေါ်သူ ဝီလီလီမွန်ကို ရှစ်ချီတွင် အလဲထိုး အနိုင်ယူခဲ့ပြီးနောက် ချန်ပီယံ သရဖူကာကွယ်ပွဲ နောက်တစ်ပွဲအဖြစ် လာမည့် အောက်တိုဘာ ၆ရက်၌ ထိုးသတ်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရွေးချယ်

အသက် ၂၀အရွယ်သာရှိသည့် အမီရာခန်သည် မိမိအား စိန်ခေါ်သူများအနက် မည်သည့်လက်ဝှေ့သမားနှင့် ထိုးသတ်ရမည်ကို အပြီးသတ်ရွေးချယ်ခြင်းမပြုသေးဟု ဆိုသည်။

အနိုင်ယူ

မိမိအနေဖြင့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံဆုများကို အသက်ငယ်ငယ်နှင့် ရယူသွားရန် ဆန္ဒရှိနေကြောင်း လက်ဝှေ့ပွဲများများထိုးသတ်ပြီး အောင်မြင်မှုများရယူရန် ဆန္ဒပြင်းပြနေကြောင်း အမီရာခန်က ပြောကြားသည်။ အမီရာခန်သည် ပြီးခဲ့သည့် လက်ဝှေ့ပွဲစဉ်က စိန်ခေါ်သူ လီမွန်ကို မေးရိုးနှင့်နှာခေါင်းရိုးများကျိုးအောင်ထိုးကာ အနိုင်ယူခဲ့သည်။

(အင်တာနက်)

ဂိုးသမားဗန်ဒါဆာ၏ အနာဂတ် မန်ယူ၌ ဆက်နေရန်မသေချာ

ဗန်ဒါဆာ

မန်ယူ ဂိုးသမား ဗန်ဒါဆာ။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇူလိုင် ၂၄

မန်ချက်စတာယူနိုက်တက်အသင်း ဂိုးသမားဗန်ဒါဆာက ၎င်းသည်လာမည့် ရာသီတွင် ကစားခြင်းမှာ နောက်ဆုံး မန်ယူ၌ကစားခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၃၆နှစ်ရှိ ဗန်ဒါဆာသည် မန်ယူနှင့်လာမည့်နှစ်ဇွန်လ၌ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ လာမည့်ရာသီသည်နောက်ဆုံး မန်ယူ၌ကစားခြင်း ဖြစ်နိုင်သလို သာမန်ထက်လည်း ပိုကောင်းအောင် အစွမ်းပြနိုင်မည်မဟုတ်တော့ကြောင်း ဗန်ဒါဆာက ဝန်ခံပြောကြားလိုက်သည်။

ခေါ်ယူထား

အဆိုပါ ဒတ်ချ်ဂိုးသမားဗန်ဒါဆာသည် မန်ယူ၏ပထမဂိုးသမားအဖြစ် လာမည့်ရာသီအစတွင် ပါဝင်ကစားမည်ဖြစ်သည်။ ၎င်းသည် ပိုလန်ဂိုးသမား တိုမက်ဇ်ကာဇက်နှင့် ယှဉ်ပြိုင်နေရသည်။ ယင်းဂိုးသမားအား ဝက်စ်ဘရွန်းမှ တစ်နှစ်အငှား ခေါ်ယူထားခဲ့ရာမှ အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူစာချုပ်ခဲ့သည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* **မန်စီးတီးနည်းပြဟောင်း စတုအတ်ပီယာ့စ်အား ယူ-၂၁ အင်္ဂလန် နည်းပြအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။**

* မန်ယူ နောက်ခံကစားသမား ဟိန့်ဇ်အား မရအရခေါ်ယူသွားမည်ဟု လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပြောကြားလိုက်သည်။

* **ဖူလ်ဟမ် တိုက်စစ်မှူး ဟယ်လ်ဂူဆန်သည် ဘော်လ်တန်အသင်းသို့ ပြောင်းရွှေ့ကစားရန် ကလပ်အသင်းနှစ်ခု သဘောတူညီလိုက်သည်။**

(အင်တာနက်)

25-7 (12) 1 7/25/07, 1:46 AM

ရောင်းမည်

၄/ခ ဆူဇူကီးပစ်ကပ်(R-) အဖြူ၊ လက်တင်စီး အရှပ်အရှင်း ကင်း။ **ဖုန်း-၀၉-၅၁-၁၁၆၀၄၊ ၀၉-၅၀-၁၇၈၈၆။**

ပျောက်ဆုံးခြင်း

ယာဉ်နံပါတ် န/၄၄၉၉ ၏ အခွန်ပုံစံ (၁) အစိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၅၇၂၁၄၀။**

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၇၉၆၁ Nissan Atlas၊ Truck 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ဝင်း ၁၀/မလမ (နိုင်) ၀၁၅၅၇၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီးရုံး) ရန်ကုန်မြို့။**

ဝိနည်းတော်နှင့်အညီ ချုပ်လုပ်သော

သမ္မတ ဝါဆိုသင်္ကန်းများကို

ပစ္စည်းမှန်၊ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကားဝယ်ယူနိုင်ပြီး နယ်ကိုယ်စားလှယ်များလည်း မှာယူနိုင်ကြပါပြီ။

၁၁၈၊ရေတာရှည်လမ်းဟောင်း၊ဗဟန်းမြို့နယ်၊ဖုန်း-၅၄၅၃၉၅၊၅၄၅၃၉၆။
၁၅၆၊ရွှေဂုံတိုင်လမ်းမကြီး၊ဗဟန်းမြို့နယ်၊ဖုန်း-၅၄၃၂၈၂၊၅၄၃၂၀၆။
၂၃-ဘီ၊ရေတာရှည်လမ်းဟောင်း၊ဗဟန်းမြို့နယ်၊ဖုန်း-၃၈၀၅၇၃၊၅၅၈၃၇၅။

ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်း၊ လောကနတ်ပြခန်းမှာ

ဇာသိုက် စာအုပ်ဆိုင်

ဒုတိယအကြိမ်

မိုးရာသီစာအုပ်ဈေးရောင်းပွဲ

သီဟရတနာ၊ Quality၊ Unity၊ မုံရွေး၊ မြဖြူး၊ ထက်ထက်အောင်၊ ရတနာပုံ၊ သူရိယ၊ စိတ်ကူးချိုချို

အထက်ပါစာအုပ်တိုက်များ၏ တိုက်ထုတ်စာအုပ်များအားလုံး ၁၅ %လျှော့နှုန်း

၂၀၀၇ ဇူလိုင်လ (၂၅) ရက်နေ့မှ - ဩဂုတ်လ (၃) ရက်နေ့ထိ၊

နေ့စဉ် မနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ၁၀ ရက်တိုင်တိုင် ရောင်းချပါမည်။

အနန္တကျေးဇူးရှင် ဘိုးဘိုးပိုလ်မှူးကြီးတင်သိန်းလူ(ငြိမ်း)၏ (၉၁) နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

၂၅-၇-၂၀၀၇ ရက်မှာကျရောက်မည့် ဘိုးဘိုး၏ (၉၁)နှစ်ပြည့် မွေးနေ့မှသည် နောင်အသက်ရာကျော်တိုင် ဘိုးဘိုးချစ်သောမြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာနဲ့ ဘုန်းဘုန်းကြီး၏ ပါရမီတော်ကို ဆုံးခန်းတိုင်အောင် ဖြည့်ဆည်းနိုင်ပါစေ။

ဘိုးဘိုးရဲ့ချစ်မြေးများ-

ကလျာလူ	Junior Lu	ခင်သီရိနန္ဒာလူ	Angel Lu
ကြာဖြူလူ	ခင်ပွင့်ဖြူလူ	Audi Lu	Doyle တင်ကျော်လူ
ခင်ကြွေခက်လူ	ဝေယံပိုင်လူ	Eddie Lu	
ခင်ဝေလက်လူ	သီရိမာလာလူ	ရည်မွန်သက်လူ	

ဘုရားကြီးကျောင်းတိုက် စာကြည့်တိုက်သို့ ကျမ်းစာအုပ်နှင့်မဂ္ဂဇင်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုဘုရားကြီးကျောင်းတိုက် စာကြည့်တိုက်တွင် ဒေသခံရဟန်းရှင်လူပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ ပါဠိတော်ကျမ်းများ၊ ၎င်းမြန်မာပြန်ကျမ်းများ၊ အဋ္ဌကထာနှင့် ဋီကာကျမ်းများ၊ မြန်မာ့စွယ်စုံကျမ်း စာအုပ်များနှင့် မဂ္ဂဇင်းစာအုပ်များ စုပေါင်းလှူဒါန်းပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက ဘော်ကြိုကျောင်းတိုက်၌ကျင်းပရာ ဘော်ကြိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒနှင့် ဆရာတော် သံဃာတော်များ၊ သီပေါမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ သီပေါကိုလတ်နှင့် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဘော်ကြိုကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် ဒေသခံတိုင်းရင်းသားများ၊ အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ ဆရာတော် သံဃာတော်များက မေတ္တာသုတ် တရားတော်ကို ချီးမြှင့်တော်မူကြပြီး ဘော်ကြိုဆရာတော်က ဩဝါဒမိန့်ကြား၍ အရှင်သူရိယ(M.A)က မှတ်သားစရာ ပိဋကတ်အကြောင်းအရာများရှင်းလင်း မိန့်ကြားတော်မူသည်။ ထို့နောက် ကျပ်ရှစ်သိန်းတန်ဖိုးရှိ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့် မြန်မာပြန်ကျမ်းစာအုပ်များ၊ မြန်မာ့စွယ်စုံကျမ်းစာအုပ်များ စုစုပေါင်း၃၂၆အုပ်နှင့် မဂ္ဂဇင်းစာအုပ်မျိုးစုံ ၈၅ အုပ်တို့ကို ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ ကျောက်မဲ၊ သီပေါ၊ ဘော်ကြိုအုပ်စုဒေသတို့မှ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်

အဆိုပါ စာအုပ်လှူဒါန်းပွဲတွင် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်များအား နံနက် အာဟာရနှင့် နေ့ဆွမ်း၊ နံနက်စာထမင်းတို့ကို စာအုပ်အလှူရှင်များနှင့်အတူ ပူပေါင်း၍ လားရှိုးမြို့ ဘူတာလမ်း ရပ်ကွက်(၁၀)နေ မနန်းပြည့်ပြည့်အောင်၏ အသက်(၂၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဒေါ်နန်းမွမ်းဆာ မိသားစုတို့က လာရောက်ဆက်ကပ်လှူဒါန်းဒါနပြုကြသည်။

(စာပေနှင့်စာနယ်ဇင်း)

မဇ္ဈိမသဘင်အထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၂၄

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည် သာသနာ့ရိပ်သာ၌ ဝါတွင်းတရားစခန်းဖွင့်ပွဲနှင့် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၏ (၄၇)ဝါမြောက် ကုသိုလ်တော်ပွဲ အထိမ်းအမှတ်အဖြစ် မဇ္ဈိမသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဩဂုတ်၄ရက်တွင် သီတဂူကြယ် တစ်ပွင့်ဆရာတော် အရှင်ပညာနန္ဒ၊ ၅ ရက်တွင် တွံတေးဆရာတော် အရှင်ဣန္ဒက၊ ၆ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိတို့က ညစဉ် ၇နာရီမှ စ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် ဝါတွင်းတရားစခန်းဖွင့်ပွဲ

ရန်ကုန် ဇူလိုင် ၂၄

ပဲခူးမြို့နယ် အင်းတကော် စံပြကျေးရွာ(အတွင်းတောင်ကိုးလုံး)သဒ္ဓမ္မအလင်းရောင်စာသင်တိုက်နှင့် ပဋိပတ္တိ ရိပ်သာကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော် ဦးဇာဂရ ဓမ္မကထိကဗဟုဇနဟိတဓရ အမှူးပြုသော သံဃာတော်အပါး၃၀ကျော်တို့အား ဇူလိုင်၂၉ရက် ဒုတိယဝါဆို လပြည့်နေ့(တနင်္ဂနွေနေ့)တွင် ဝါဆိုသင်္ကန်းများလှူဒါန်းပွဲနှင့် ဝါတွင်းကာလတရားစခန်းဖွင့်ပွဲ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာပြည်၏ နုပျိုထက်မြက်ဆယ်ကျော်သက်များအတွက် ပထမဆုံးဂျာနယ်

ဆယ်ကျော်သက်တိုင်း ရင်ခုန်သိမ့်မြစိတ်ကူးလှပို့ အိန့်ဂျယ်ဂျာနယ်ပတ်ကြွို့

ပေါ်ပြူလာဂျာနယ်(၁၀)နှစ်ပြည့်အမှတ်တရပြုစုပို့ထောင်သည့် Angel (နတ်မိမယ်) ဂျာနယ်တွင် ...

ဓိပ္ပွားရေးသမားအတွက် သင်ခန်းစာ၊ ဘဲလ်မင်းသမီးလေးရဲ့တေးသီချင်း၊ ဂျာနယ်လစ်ကြွက်ကလေးရဲ့ အံ့မခန်းမွှင်္ဂိုဆန်းများ၊ ချစ်စရာလှပ ဆယ်ကျော်သက် **Fashion** ကဏ္ဍ၊ **Angel Kyaw** ရဲ့ မျက်လှည့်ကတ်ပြားလေးလုပ်ကြမယ်၊ ကလေးတို့၏လည်ပင်းတွင်တွေ့ရတတ်သောအကျိတ်များအကြောင်းသိကောင်းစရာ အပါအဝင် ကဗျာနည်းများ၊ အရုပ်လှလှ ပုံပြင်တတ်လမ်းလေးများအပြင် **Angel** လက်ဆောင်များနှင့် တစ်အုပ်လုံးရောင်စုံစာမျက်နှာများဖြင့် ထူးခြားဝေဆာထွက်လာပါပြီ။

Angel ဂျာနယ်သို့ ဆက်သွယ်မှာကြားပါက အိမ်အရောက် ပို့ဆောင်ပေးပါမည်။

အတွဲ-၁၊ အမှတ်-၃ ထွက်နေပါပြီ

အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၂၄၉၁၆၅၊ ၃၈၅၄၉၅

ပအိုဝ်းအမျိုးသားဓမ္မာရုံ ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် အမှတ်(၇) တောင်ကြီးပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမအား ဦးထိပ်ထား၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပအိုဝ်းအမျိုးသားဓမ္မာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၂၉ ရက် (ဒုတိယဝါဆိုလပြည့်) တနင်္ဂနွေနေ့ နံနက် ၈နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်မရသည် ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲ ဗဟန်းမြို့နယ် အထက(၁)၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ရုံးက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် မွန်းလွဲ ၁နာရီခွဲတွင် ဗဟန်းမြို့နယ် အထက(၁) မိုးဦးပန်း ခန်းမ၌ ကျင်းပသည်။ အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဟောပြော

ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီ ကျောင်းအုပ်ဆရာမကြီးက ဟောပြောမည့် ပုဂ္ဂိုလ်၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)က ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရန်ကုန်တိုင်း အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ကျောင်းအုပ်ဆရာမကြီးက ခရိုင်ဦးစီးအရာရှိထံ လှူဒါန်းကာ ပြသထားသော နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ကျောင်းသူ ကျောင်းသားများက လှည့်လည် ကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလ သဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာ တရားတော်များကို ဩဂုတ်၄ရက်မှ ၁၀ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်းဖွင့်လှစ်မည် ဖြစ်သည်။ တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့က အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဩဂုတ် ၃ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဂရိ၌ အပူလှိုင်းကျရောက်၊ အရေးပေါ် သတိပေးချက်ထုတ်ပြန်

အေသင် ဇူလိုင် ၂၄

ဂရိနိုင်ငံတစ်ဝန်းတွင် ဇူလိုင်၂၄ရက်က အပူလှိုင်းပြင်းထန်စွာကျရောက်လျက်ရှိရာ ပြည်သူများ သတိထားနေထိုင်ကြရန် ဂရိအစိုးရကအရေးပေါ် သတိပေးချက်ထုတ်ပြန်လိုက်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အမိန့်ထုတ်ပြန်

ဂရိတစ်နိုင်ငံလုံးတွင် အပူချိန် ၄၅ဒီဂရီဆဲလ်စီးရပ်စ်ရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းရှိ ဆေးရုံပေါင်း ၁၃၂ခုအား ဆရာဝန်များ၊ သူနာပြုများနှင့်ဆေးရုံဝန်ထမ်းများ အပြည့်အဝနှင့်အသင့်ရှိနေကြရန်လည်း ဂရိကျန်းမာရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ထားကြောင်း သတင်း၌ ဖော်ပြထားသည်။

အီရတ်၌ ကားဗုံးခွဲတိုက်ခိုက်၊ ၂၆ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင် ဘက် ဟီလာမြို့တွင် ဇူလိုင် ၂၄ရက်က ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူ ၂၆ဦးသေဆုံးသွားကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

ဒဏ်ရာရ

ဗုံးပေါက်ကွဲမှုမှာ ဟီလာမြို့ လူစည် ကားရာဈေးအတွင်း ကားဗုံးခွဲတိုက်ခိုက် ခဲ့ခြင်းဖြစ်ရာ ကလေးငယ်များ၊ အမျိုးသမီးများအပါအဝင် လူ၆၀ကျော်လည်း ဒဏ်ရာရရှိသွားကြောင်း သတင်း၌ဆက်လက်ဖော်ပြသည်။

သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သူရိယအား ထပ်ဆင့်ဂုဏ်ပြု

ပလောက် ဇူလိုင် ၂

မြိတ်ခရိုင် ပလောက်မြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝရ၏ တပည့် ဖြစ်တော်မူသော ၂၀၀၆ခုနှစ် နိုင်ငံတော်ကကျင်းပခဲ့သည့် ဓမ္မာစရိယ စာမေးပွဲကို အောင်မြင်၍ သာသနဓဇဓမ္မာစရိယဘွဲ့ ရရှိခဲ့သည့် မွန်ပြည်နယ် မုဒုံမြို့ ဂျုံးဂျုံးကျ တောရကျောင်းတိုက် စာချအရှင်သူရိယအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဇွန် ၂၂ရက် နံနက် ၈နာရီက ပလောက်မြို့ ဘုရားကြီးကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ပုလောမြို့ မော်သာယာကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂ ဉာဏထံမှ ပရိသတ်များက ငါးပါးသီလခံ ယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟို သံဃာ့ ဝန်ဆောင် ပုလောမြို့ အရှေ့ကျောင်းဆရာ တော်ဘဒ္ဒန္တဝါယမက ဩဝါဒကထာ မိန့် ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင် က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ အမှတ် ၁ရပ်ကွက် ဥက္ကဋ္ဌ ဦးဆန်းဝင်းက သာသနဓဇဓမ္မာစရိယဘွဲ့ရ အရှင်သူရိယ၏ ထေရုပ္ပတ္တိ အကျဉ်းကို လည်းကောင်း ဖတ်ကြားလျှောက်ထား ကြသည်။

ထို့နောက် အလှူရှင်ဒါယကာ၊ ဒါယိ ကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏထံမှ ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်းသိ ရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

မုဒုံအသင်း (ရန်ကုန်)၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားများကို ဇူလိုင် ၂၂ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မရမ်းကုန်း မြို့နယ် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ဂန္ထ ဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇောတနှင့် မင်္ဂလာဒုံမြို့နယ် ပုဂံမြို့သစ် မင်္ဂလာရာမ မွန်ကျောင်းတိုက်မှ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကေတု မာလာ အမှူးပြုသော ပင့်သံဃာတော်များ၊ မုဒုံအသင်း (ရန်ကုန်) ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မုဒုံမြို့နယ်မှအသင်းဝင်များ နှင့် မိသားစု များ တက်ရောက်ကြည်ညိုကြသည်။

ဆောက်တည်

ရှေးဦးစွာ မုဒုံအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း) က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း လျှောက်ထားပြီး ဝိဇ္ဇောတာရုံ စာသင် တိုက် ပဓာနနာယက ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်

ထို့နောက် မုဒုံအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အေးကျော် (ငြိမ်း)၊ အတွင်းရေးမှူး ဦးသာလှနှင့်အမှုဆောင်များ၊ မုဒုံအသင်း (ရန်ကုန်)အသင်းဝင်များ၊အလှူရှင်များက ဝိဇ္ဇောတာရုံစာသင်တိုက်နှင့် မင်္ဂလာရာမ မွန်ကျောင်းတိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများ အမှူးပြုသော ဆရာ တော် သံဃာတော်များအား ဝါဆိုသင်္ကန်း နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

လှူဒါန်း

ယင်းနောက် ဝိဇ္ဇောတာရုံစာသင် တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြကာ မုဒုံအသင်း (ရန်ကုန်) အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထားဝယ်မြို့ ဥသျှရုံတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၉ ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်တင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုခရိုင် ကြံခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး အကျဉ်းဦးစီး၌ လူမှုရေးလုပ်ငန်းများဆောင်ရွက်

ရေဦး ဇူလိုင် ၂၀

ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ရေဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကာ ရွှေဘိုအကျဉ်းဦးစီးသို့ ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက သွားရောက်ပြီး စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ၊ လူမှုရေးစောင့်ရှောက်မှုများ ဆောင်ရွက်ကြသည်။ ခရိုင်အသင်း အတွင်းရေးမှူး ဦးထွန်းကိုကို၊ ခရိုင်တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်နှင့်အမှုဆောင်များ၊ ရေဦးမြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးတင့်အောင်၊ တွဲဖက်အသင်းအတွင်းရေးမှူးဦးမြင့်နိုင်နှင့် အမှုဆောင်များ၊ အမျိုးသမီးရေးရာ အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ ရွှေဘိုမြို့မှ ဆရာဝန်များ၊ ရုပ်ပျိုတိုင်းရင်းဆေးမှ တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ကြသည်။ ရွှေဘို အကျဉ်းဦးစီးမှ အကျဉ်းသားများ အား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆပ်ပြာထုပ် ၁၀၀၀၊ ရေဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စား သောက်ဖွယ်ရာများစုစုပေါင်းတန်ဖိုးငွေ ကျပ် နှစ်သိန်းခြောက်သောင်းလေးရာ လှူဒါန်းခဲ့ပြီး အကျဉ်းသားများအား နှစ်သိမ့်အားပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ မိသားစုများထံ စာရေးသား ဆက်သွယ်နိုင်ရန် စီစဉ် ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

တမူး ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်ကို ဇွန်၂၀ရက် နံနက် ၉နာရီက တမူးမြို့ မြို့မရပ်ကွက် ချောက်နက်ကြီး ခြံစည်းရိုးကြက်ဆူခြံ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဖေဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ဝန်ထမ်းများနှင့်ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် များ၊ အခြားလူမှုရေး အသင်းအဖွဲ့ဝင် များ တက်ရောက်ကြ၍ ခရိုင်ဥက္ကဋ္ဌက ဦးဆောင်ပြီး ခြံစည်းရိုးကြက်ဆူပင် များကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆင်ဖြူကျွန်း၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ဆင်ဖြူကျွန်း ဇူလိုင် ၈

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ညောင်အင်းကျေးရွာအုပ်စု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အစီအစဉ်ဖြင့် မြောင်းဘောင်ရွာ အရှေ့ဘက်၌ ဇူလိုင် ၆ ရက် နံနက်က ကြက်ဆူပင်များ စိုက်ပျိုးကြသည်။

ညောင်အင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဖိုးတိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးထွန်းရီ တို့ဦးစီး၍ ညောင်အင်း၊ ချောင်းကောက်နှင့်မြောင်းဘောင် ရွာသူရွာသား သုံးရာ ကျော်တို့ မြောင်းဘောင်ရွာအရှေ့ဘက်စိုက်ခင်း ခြံစည်းရိုးတို့တွင် ကြက်ဆူပင် အပင်တစ်သောင်းကို စိုက်ပျိုးကြသည်။ **(အောက်ပုံ)** **(က-ပ)**

မြို့သာယာလှပရေး စုပေါင်းသန့်ရှင်း

ဖလမ်း ဇူလိုင် ၁၆

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့၏ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိရာအမှုဆောင် အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများသည် ဇူလိုင်၉ ရက်က ဖလမ်းမြို့ ချယ်ရီလမ်း၊ ဗိုလ်ချုပ်လမ်း၊ သစ္စာလမ်းနှင့် လမ်းဆုံထီးရိပ်အနီး ပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်ခဲ့ကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းငွေနှင့် အဖွဲ့က လိုက်လံအားပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းအလှပင်များပြုစု

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သန့်ရှင်းရေးဝန်ထမ်းများ နှင့် ရုံးဝန်ထမ်းများစုပေါင်း၍ ရွှေတောင်မြို့ဝင် မြို့ထွက်မုခ်ဦး ဆိုင်းဘုတ် များရှိ မြေခင်းအလှ နေရာများတွင် ပန်းအလှပင်များပြုစုခြင်း၊ ပေါင်းမြက် များရှင်းလင်းခြင်း၊ သစ်ပင်များ ပုံသွင်းခြင်းတို့ဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သီရိခေတ္တရာရတနာ ခန်းမအတွင်း ခရိုင်ပျိုးဥယျာဉ်အမှတ် (၂)တွင် ဇွန် ၁၀ရက်က ပျိုးထုပ်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နောင်တရား၌ ရွှေရင်အေးနှင့် ကြက်ဆူပင်စိုက်ပျိုးရေး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ညှိနှိုင်းဆွေးနွေး

နောင်တရား ဇူလိုင် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးခွန် လှမောင်ဌေးသည် အခြားဌာနမှ ဝန်ထမ်းများလိုက်ပါလျက် နောင်ပီကျေးရွာအုပ်စုအတွင်း ရွှေရင်အေးစပါးတိုးချဲ့စိုက်ပျိုး ရေး၊ ခြံစည်းရိုးကြက်ဆူပင် အိမ်တိုင်းစိုက်ပျိုးရေးနှင့် ဖွင့်လှစ် ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ညှိနှိုင်းအစည်းအဝေးကို ဇွန်၂၅ ရက် နံနက်က နောင်ပီကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖစ်နေအိမ်၌ ကျင်းပရာ ရပ်ကွက်အဖွဲ့ဝင်များ၊ စာကြည့် တိုက်ကော်မတီဝင် များနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျေးရွာဥက္ကဋ္ဌ ဦးဖစ်နှင့် မြို့နယ် ဦးစီးမှူးတို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာ သူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် နောင်ပီကျေးရွာ ဘန့်ဘိန်းကျေးရွာနှင့် ရေကန်လောင်းကျေးရွာများ၌ အောင်မြင်ဖြစ်ထွန်း အသီးသီး နေသော ခြံစည်းရိုးကြက်ဆူပင်များ အခြေအနေကိုလည်း ကောင်း၊ ကိုယ်ပိုင်စာကြည့်တိုက်အဆောက်အအုံ ဆောက် လုပ်ပြီးစီးသော နောင်ပီရွာ ပညာရွှေအိုးစာကြည့်တိုက်နှင့် ဘန့်ဘိန်းရွာ ပညာရဲရင့် စာကြည့်တိုက်သို့ လည်းကောင်း ကြည့်ရှုလေ့လာပြီး စာအုပ်စာစောင်များပေးအပ် လှူဒါန်း ခဲ့သည်။ **(၃၆၉)**

ဟားခါးမြို့၌ ဖိုင်ဇောင်း တင်းနစ်ကွင်းဖွင့်

ဟားခါး ဇူလိုင် ၁၉

ချင်းပြည်နယ် ဟားခါးမြို့ ဖိုင်ဇောင်းတင်းနစ်ကွင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉နာရီက အဆိုပါကွင်း၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို ပြည်နယ်ဥက္ကဋ္ဌဗိုလ်မှူးချုပ်ဟုန်းငိုင်းက ဖိုင်ဇောင်း တင်းနစ်ကွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အဖွင့်အမှာစကား ပြောကြားပြီး တင်းနစ်ကွင်း တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူး ဦးအုပ်နောလ်က တင်းနစ်ကွင်း သမိုင်းနှင့် ပြုပြင် ပြင်ဆင်မှု ကုန်ကျစရိတ်များ တင်ပြကာ အမှတ်တရ လက်ဆောင် ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများ အဖွဲ့လိုက် ယှဉ်ပြိုင်ကစားကြရာ ဦးရာလ်လျန်အုပ်နှင့် ဦးသောခ့်လျန်းတို့က ပထမ၊ ဒုတိယဆုကို ဦးနိုပါမောင်နှင့် ဦးသွမ်ဘိခ့်တို့က ရရှိကြပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ပထမဆုကိုလည်းကောင်း၊ ဒုတိယဆုကို ဦးဝင်းကြည်က လည်းကောင်း ဆုများကို ပေးအပ်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

လပွတ္တာမြို့ အမှတ် (၁၂) နှင့် ဆားကျင်းလမ်းတို့ ဆက်သွယ်တည်ဆောက်သည့် သီတာအေးမြတံတား ပြန်လည်ပြုပြင်မှုကို ဇွန် ၂၆ရက်က မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သန်းနှင့် မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဦးလှမြင့်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

အမှတ်(၃)စက္ကူစက်(ပလိပ်) စုပေါင်းသွေးလှူဒါန်းပွဲကို စက်ရုံမြရွှေဝါခန်းမတွင် ဇူလိုင်၄ရက်က ကျင်းပရာ စက်ရုံမှူး ဦးအောင်နိုင်ဦး၊ ဒုတိယစက်ရုံမှူးနှင့် ဝန်ထမ်းများ တက်ရောက်၍ စက်ရုံရှိ ဝန်ထမ်း ၃၀မှ လှူဒါန်းသော သွေးပုလင်းများကို မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဒေါက်တာခင်စိန်ဝင်းထံ ပေးအပ် လှူဒါန်းရာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၁၃)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပိုးလောက်လမ်း စစ်ဆေးနှိမ်နင်းမှုဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ရန်ကုန်တိုင်းကျန်းမာရေးကော်မတီ၏ ညွှန်ကြားချက်ဖြင့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးအတွက် ပိုးလောက်လမ်း စစ်ဆေးနှိမ်နင်းခြင်းနှင့် လတ်တလော ပျော့ခွေအကြောသေ ရောဂါဝေဒနာရှင်များ ရှာဖွေထောက်လှမ်းခြင်း လုပ်ငန်းကို ဇူလိုင် ၁၁ရက်မှ ၁၄ရက်အထိ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဦးစီး၍ ရပ်ကွက်၊ ကျေးရွာ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီး မြို့မရပ်ကွက် ၁၂ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၃အုပ်စုတို့တွင် စီမံချက်အသွင်ဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

မြို့နယ်သတင်းများ

ဘုတလင်မြို့၌ ရေပိုက်လိုင်းများ တိုးချဲ့ဆောင်ရွက်

ဘုတလင် ဇူလိုင် ၁၇

ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းတို့သည် ဇူလိုင် ၁၇ရက်က ဘုတလင်မြို့ မြဝီရပ်ကွက် ရေပေးဝေရေးစက်ရုံ တိုးချဲ့ဆောက်လုပ်ခြင်းနှင့် ရေပိုက်လိုင်းများ တိုးချဲ့ဆောင်ရွက်ခြင်းတို့ကိုကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ချောက်မြို့ သံဃာတော်များထံ ဝေပုလ္လအရဏ်ဆွမ်း ဆက်ကပ်

ချောက် ဇူလိုင် ၂၀

ချောက်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ဧရာဝတီဌာနခွဲမှ ဝန်ထမ်းများစုပေါင်းပြီး ချောက်မြို့ပေါ်ရှိ သံဃာတော်များထံ ဝေပုလ္လအရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက် နံနက်က ဧရာဝတီ အလုပ်သမားအပန်းဖြေရိပ်သာ၌ ကျင်းပရာ မြို့ပေါ်သံဃာအပါး ၅၀၀အား မုန့်ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပင့်သံဃာတော် ၁၀ပါးအား ဝတ္ထုငွေများ ဆက်ကပ်ခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ အဆိုပါ ဝေပုလ္လအရဏ်ဆွမ်းကပ်လှူခြင်းမှာ ယခုအကြိမ်သည် ငါးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၇၆)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် ပုသိမ်ညွှန့်စံပြရပ်ကွက် ကျောက်မြောင်း ဘယသုဒ္ဓိလမ်း အမှတ်၉၆နေ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးအေးဝင်း(လူမှုထူးချွန်တတိယဆင့်)**(အပေါ်ပုံ)**သည် ဇွန် ၂၅ရက်က အမျိုးသားသွေးလှူဘဏ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် (၇၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၂ရက်က ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တံခါးမြို့မဈေး အတွင်းသား၊ ငါး ရောင်းချသော ဆိုင်များတွင် ယင်လုံဆန်ခါ အုပ်ဆောင်းနှင့် ရောင်းချစေရေးအတွက် ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နီလာ၊ ဈေးတာဝန်ခံ ဦးစိုးမင်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက ပညာပေး ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးဖိုများ စနစ်တကျသုံးရန် ပညာပေးဆောင်ရွက်

ဟုမ္မလင်း ဇူလိုင် ၄

ဟုမ္မလင်းမြို့ မြို့မဈေးရှိ စားသောက်ဆိုင်များ ကျန်းမာသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဈေးဆိုင်များတွင် မီးသတ်ဆေးဘူးများထားရှိရန်နှင့် မီးဖိုများကိုစနစ်တကျသုံးစွဲသွားရန် အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၂၀ ရက်က စစ်ဆေးပညာပေးပြုလုပ်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇွန်၁၀ရက်က ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးရှေ့၌ မြေယာရှုခင်းအလှ ဆောင်ရွက်ခြင်းကို ဦးစီးအရာရှိ ဒေါ်နွယ်နီထွန်း၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ကြော့မွန်ကံနှင့် ဝန်ထမ်းများ စုပေါင်း၍ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကညွတ်ကွင်းမြို့ ပညာရေးဝန်ထမ်းမိသားစု ငွေစုငွေချေးအသင်း မတည်ငွေလှူဒါန်း

ကညွတ်ကွင်း ဇူလိုင် ၂၀

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ပညာရေးဝန်ထမ်းမိသားစု ငွေစုငွေချေးအသင်းဖွဲ့စည်းရာတွင် မတည်စုဆောင်းငွေအဖြစ် ထည့်ဝင်လှူဒါန်းငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီက ကညွတ်ကွင်းမြို့ အထကကျောင်း မြရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ငွေစုငွေချေးအသင်း၏ အမှုဆောင်များ၊ လုပ်ငန်းကော်မတီအဖွဲ့အစည်းမှ ဆရာ၊ ဆရာမများ တက်ရောက်၍ အလှူရှင် ဦးဘကျော်နှင့် ဦးမောင်ကို(မြန်မာဂိုးလ်ဒင်းပွိုင့်ကုမ္ပဏီ)က မတည်စုဆောင်းငွေအဖြစ် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဌေးက လက်ခံယူသည်။

အလှူရှင် ဦးဘကျော်က အသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ကညွတ်ကွင်းဒေသရှိ ပညာရေးဝန်ထမ်းများ အချင်းချင်း အပြန်အလှန် အထောက်အကူပြုမှုတို့ကို တိုးမြင့်လာစေရန် ရှင်းလင်းတင်ပြဆွေးနွေးသည်။ **(၁၇၆)**

ကွန်ပျူတာသင်တန်းများ ပုလဲမြို့၌ ဖွင့်

ပုလဲ ဇူလိုင် ၁၀

စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် မြို့နယ်ပညာ့အလင်း ခေတ်မီစာကြည့်တိုက်ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ ကွန်ပျူတာသင်တန်း (၂/၂၀၀၇)နှင့် အဆင့်မြင့် ကွန်ပျူတာသင်တန်း (၁/၂၀၀၇)တို့ကို ပုလဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိပညာ့အလင်းခေတ်မီ စာကြည့်တိုက်တွင် ဇူလိုင် ၂ ရက်က စတင်၍ ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းသို့ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေးက တက်ရောက်၍ အမှာစကား ပြောကြားသည်။

သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၄

ကျောက်တန်းမြို့နယ်အသင်း၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၁၁ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ ကျောက်တန်းမြို့နယ် အသင်း ဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ကျောက်တန်းမြို့နယ် အသင်းဝင်များ၊ မိတ်သင်္ဂဟများ ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ကုသိုလ် ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးသင်းမောင် ဖုန်း-၀၉-၅၁-၀၀၄၆၁ နှင့် အတွင်းရေးမှူး ဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၀၉)

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ၁၉၃/၂၈ လမ်း (အထက်) နေ ဦးကျော်-ဒေါ်ခင်ရီမြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်

ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကျ-ပ)

အနောက်သူရလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်များစုဆောင်း

ဘီးလင်း ဇူလိုင် ၁၀

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော အနောက်သူရလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် အတွက် ကျောက်များစုဆောင်း ထားရှိမှုကို ဇွန် ၂၇ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်း ... မဍ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း အလုံမြို့နယ် ဝေဘာဂီလမ်း အမှတ် ၃၁နေ ဗိုလ်ကြီးဝင်းတင့်(ငြိမ်း)-ဒေါ်ခင်မြ ၊ သမီး မအေးအေးတင့်၊ မချိုချိုတင့် မိသားစုက ကျောင်းအလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)ရှေ့မှောက်၌ လှူဒါန်းရာ ဦးကျော်ခင် (ခရမ်း)က လက်ခံယူစဉ်။ (ကျ-ပ)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျောက်ဖြူ၌ကျင်းပ

ကျောက်ဖြူ ဇူလိုင် ၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၈နာရီက ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်းက ဖတ်ကြားသည်။

ဆက်လက်၍ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ကျော်မြင့်ဟန်က မူးယစ်ဆေးဝါး၏ဆိုးကျိုးများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးခင်မောင်မောင်က မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ ခရိုင်ရဲမှူးသန်းစိုး**(ယာပုံ)**က မြန်မာနိုင်ငံမူးယစ်ဆေးဝါးကာကွယ်နှိမ်နင်းရေး၊ မူးယစ်ဆေးဝါး၏ သမိုင်းနှင့် အစားထိုးသီးနှံစိုက်ပျိုးရေး ဆောင်ရွက်မှုကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ဇူလိုင် ၁၅ရက်က မြန်အောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဆေးရုံ-တဲကြီးကုန်းလမ်းနှင့် ကျိတ္တန်းလမ်းထောင့် ခုံးပေါက်တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းဆင့်နှင့် အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ် အတွင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ် (၁) မိုင်တိုင်အမှတ် (၁၅၇/၄)နှင့် (၁၆၀/၂)ကြားတွင် ဇူလိုင်၉ရက်က အဖွဲ့ဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့များဖြင့် တမာ၊ စိန်ပန်းကြီး၊ မဲဇလီ၊ မယ်ဇယ်ပင်များ စိုက်ပျိုးမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် အမှုဆောင်အရာရှိ ဦးကြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သန်လျင် ရွှေနံ့သာဆရာတော် ဝါတွင်းတရားပွဲများ

သန်လျင် ဇူလိုင် ၂၀

ရန်ကုန်မြို့ မိုးကုတ်အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ရွှေနံ့သာ မိုးကုတ်ဓမ္မရိပ်သာတော်ကြီး၏ ပဓာနနာယက အရှင်ဉာဏောဘာသက ဝါတွင်းတရားစခန်းပွဲများကို ဩဂုတ်၃ရက်မှ ၁၂ ရက်အထိ အဖွဲ့ခွဲ(၄၈) ကောက်လျင် လမ်း သုဝဏ္ဏမြို့တွင်လည်းကောင်း၊ ဩဂုတ် ၁၄ရက်မှ ၂၃ရက်အထိ အဖွဲ့ခွဲ(၉၆) ဇလွန်မြို့တွင်လည်းကောင်း၊ ဩဂုတ် ၂၉ရက်မှ စက်တင်ဘာ ၅ရက် အထိ ရွှေနံ့သာဓမ္မရိပ်သာ သန်လျင်မြို့တွင် လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်မှ ၁၈ရက်အထိ မင်္ဂလွန်းစံပြ ကျေးရွာ ကျောက်တန်းမြို့တွင် လည်းကောင်း၊ စက်တင်ဘာ ၂၇ရက်မှ အောက်တိုဘာ ၃ရက်အထိရွှေနံ့သာဓမ္မရိပ်သာ သန်လျင်မြို့တွင်လည်းကောင်း၊ အောက်တိုဘာ ၅ရက်မှ ၁၁ရက်အထိ အောင်စကြာ မိုးကုတ်ဓမ္မရိပ်သာ သာကေတမြို့တွင်လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(ကျ-ပ)

မော်လမြိုင်ကျွန်းမြို့၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်/လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး

မော်လမြိုင်ကျွန်း ဇူလိုင် ၂၀

မော်လမြိုင်ကျွန်းမြို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ရက် မွန်းလွဲ ၂နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲအုပ်စောတာဖ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်လေးမြမြဦးနှင့် တိုင်းကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေ **(အောက်ပုံ)**တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောကြသည်။

ထို့နောက် တိုင်းကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေနှင့် ဝန်ထမ်းများက မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ မော်တော်ယာဉ်များ သက်တမ်းတိုးပေးခြင်းနှင့် မော်တော်ယာဉ်လိုင်စင်အသစ်များ ပြုလုပ်ပေးခြင်းများကို စနစ်တကျ ကြီးကြပ်စစ်ဆေးဆောင်ရွက်ပေးကြသည်။

(ဝ၉၇)

ဗန်ဒါပင်ဆိပ်လမ်း ကတ္တရာလမ်းခင်း

သုံးခွ ဇူလိုင် ၁၀

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗန်ဒါပင်ဆိပ်လမ်း ကတ္တရာခင်းရန်အတွက် ကျောက်ချော အဆင့်မြင့်လုပ်ငန်း ဆောင်ရွက်ခြင်းကို ဇူလိုင် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာမြင့်နှင့် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဌေးတို့ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စက်ရေတွင်းများ စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေးအတွက် စက်မှုအင်ဂျင်နီယာများ ကွင်းဆင်းစစ်ဆေး ပြုပြင်ပေးလျက်ရှိရာ ဇွန် ၁၅ရက်က စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးသန့်ဇင်ထွန်းတို့ သာပေါင်းရွာ စက်ရေတွင်းကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

ကြော်ငြာစာအမှတ် (၁/ ၂၀၀၇)

(၂၀၀၇ခုနှစ် ဇူလိုင်လ ၂၃ ရက်)

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် စီမံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၃၉၀၀၀–၁၀၀၀–၄၄၀၀၀) ဒုတိယဦးစီးမှူး (မြို့ပြ) ရာထူးနေရာတွင် ယှဉ်တွဲဖော်ပြပါ အနိမ့်ဆုံးအဆင့် သတ်မှတ်ထားသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

စဉ်	ရာထူးအမည်	ပညာအရည်အချင်း	လစ်လပ်
၁။	ဒုတိယဦးစီးမှူး(မြို့ပြ)	A.G.T.I(Civil) B.Tech(Civil)	ကျား/မ (၂)ဦး

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁–၇–၂၀၀၇ရက်တွင် အသက် ၃၀ (ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) လျှောက်ထားသူသည် ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရမည်။
- (ဃ) ရေအားလျှပ်စစ် စီမံရေးဦးစီးဌာနမှ သတ်မှတ်ပုံစံဖြင့်သာ လျှောက်ထားရမည်။
- (င) ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန၏ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို နေပြည်တော် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် စီမံရေးဦးစီးဌာနရုံး အမှတ်(၃၈)တွင် ဆက်သွယ်ဝယ်ယူနိုင်သည်။

၃။ ဝန်ထမ်းမဟုတ်သူများသည် အောက်ဖော်ပြပါ အချက်အလက်များကို ပူးတွဲလျက်လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ လိပ်မူ၍ ၂၅–၈–၂၀၀၇ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ဝန်ထမ်းဖြစ်လျှင် မူရင်းလျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရာဌာန၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၃၀–၈–၂၀၀၇ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် လျှောက်လွှာမိတ္တူ(၁)စောင်ကို ၂၅–၈–၂၀၀၇ရက် နောက်ဆုံးထား၍ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။
- (က) လျှောက်ထားသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် မွေးသက္ကရာဇ်။
- (ခ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ် အောင်လက်မှတ်မိတ္တူ။
- (ဂ) မိဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ အလုပ်အကိုင်။
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ၊ သက်ဆိုင်ရာမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၁၅–၇–၂၀၀၇ရက် နောက်ပိုင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်။
- (င) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူးနှင့်ဌာန
- (စ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဆ) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ

၄။ စာမေးပွဲဝင်ကြေးကျပ်– ၂၀၀(ကျပ်နှစ်ရာ)ကို နေပြည်တော် ပျဉ်းမနား မြန်မာ့စီးပွားရေးဘဏ်ခွဲ စာရင်းအမှတ် MD-001667 သို့ အထွေထွေရငွေ ခေါင်းစဉ်ဖြင့် ပေးသွင်းပြီး ငွေသွင်းချလန်မူရင်းကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရပါမည်။

၅။ အောက်ဖော်ပြပါ ဘာသာရပ်များအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲကျင်းပမည့် နေ့ရက်၊ အချိန်တို့ကို ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။
- (က) မြန်မာစာ၊ အင်္ဂလိပ်စာ
- (ခ) အထွေထွေဗဟုသုတ

၆။ သိရှိလိုသော အချက်အလက်များကို စုံစမ်းမေးမြန်းလိုပါက အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ အထွေထွေစီမံရေးဌာနခွဲ၊ နေပြည်တော် ရုံးအမှတ်(၃၈)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇–၄၁၁၄၇၄သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
နေပြည်တော်

ကြော်ငြာစာအမှတ် (၁/ ၂၀၀၇)

(၂၀၀၇ခုနှစ် ဇူလိုင်လ ၁၈ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၃၉၀၀၀–၁၀၀၀– ၄၄၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ–၂(စက်မှု)ရာထူး ၁၂နေရာတွင် အမျိုးသားများသာ ဖြည့်စွက်ခန့်ထားမည် ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်လွှာပိတ်ရက်(၂၄–၈–၂၀၀၇)ရက်တွင် အသက် ၃၀ (ဝန်ထမ်းဖြစ်ပါက အသက်–၃၅နှစ်) ထက် မကျော်လွန်ရ။
- (ဂ) A.G.T.I/E.G.T.I/ Dip-Tech/Dip Engg/ B.Tech နှင့် အထက် အင်ဂျင်နီယာဘွဲ့ / ဒီပလိုမာကို (Mechanical) ဘာသာရပ်ဖြင့် အောင်မြင်ထားသူဖြစ်ရမည်။
- (ဃ) မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
- (င) ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ သတ်မှတ်ပုံစံလျှောက်လွှာဖြင့်သာ လျှောက်ထားရမည် ဖြစ်ပြီး လျှောက်လွှာပုံစံများကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)စီမံရေးရာဌာန ရုံးအမှတ်(၃၈) နေပြည်တော်တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ရောင်စုံပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊ အင်ဂျင်နီယာဘွဲ့/ဒီပလိုမာ လက်မှတ်မိတ္တူ၊ (၁၀)တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံစာ၊ ရဲစခန်း၏ (၂၄–၇–၂၀၀၇)ရက် နောက်ပိုင်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ကိုပူးတွဲလျက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)နေပြည်တော်၊ ရုံးအမှတ်(၃၈)သို့ (၂၄–၈–၂၀၀၇)ရက် နောက်ဆုံးထား ပေးပို့ရမည်။

၄။ စာမေးပွဲဝင်ကြေးကျပ် (၂၀၀)ကို နေပြည်တော် ပျဉ်းမနား မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ စာရင်းအမှတ် SEE-00828သို့ အထွေထွေရငွေခေါင်းစဉ်ဖြင့်ပေးသွင်းပြီး ငွေသွင်းချလန်မူရင်းကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရပါမည်။ အောက်ပါဘာသာရပ်များအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန် သီးခြားထပ်မံ အကြောင်းကြားမည် ဖြစ်သည်–
- (က) မြန်မာစာ၊ အင်္ဂလိပ်စာ
- (ခ) အထွေထွေဗဟုသုတ

၅။ ရေးဖြေစာမေးပွဲဖြေဆို အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စုံကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ လျှောက်လွှာပိတ်ရက်အမီ ပေးပို့ရန်နှင့် လျှောက်လွှာမိတ္တူတစ်စုံကို ကြိုတင်မိတ္တူအဖြစ် တိုက်ရိုက်လျှောက်ထားရမည်။

၇။ သိလိုသောအချက်အလက်များကို စုံစမ်းမေးမြန်းလိုပါက ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲ နေပြည်တော် ရုံးအမှတ်(၃၈)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇–၄၁၁၀၇၃၊ ၀၆၇–၄၁၁၁၇၃သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးသိန်းထွန်း(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူး(အုပ်ချုပ်မှု) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ၂၀–၇–၂၀၀၇ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာမှူးနှင့်ဝန်ထမ်းများ၊
လမ်းအထူးအဖွဲ့(၁၅)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

အမည်ပြောင်း

ဦးခင်အောင်–ဒေါ်လှလှရွှေ တို့၏သား နေပြည်တော်လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်း(ဘီ)မှ မောင်သန့်ဇင်အောင်အား ယနေ့မှစ၍ မောင်အောင်ဟိန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဟိန်းထက်။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ်–၃၇၃(အမ်)

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) **နှင့်** ၁။ ဒေါ်ကျင်ဝင်း
ရန်ကုန်မြို့။ ၂။ ဒေါ်အေးမြမြထွန်း

တရားနိုင် **တရားရှုံး**

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၁၄၄၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဩဂုတ်လ ၂၇ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ဝါခေါင်လဆန်း၁၄ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

နေပြည်တော် ပျဉ်းမနား ရွာကောက်ရပ်ကွက် အကွက်အမှတ်(၃၂) ပေါင်းလောင်း (၂)ဦးပိုင်အမှတ်(၁၀၅၆) မြေဧရိယာ ၀ဒသမ၀၉၉၊ (၇၀x၁၀၀)ပေရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄၅x၅၅)ပေ ကြွေပြားခင်း၊ သွပ်မိုး၊ ပါကေးခင်း၊ သံပန်းတံခါးနှင့် အုတ် တံတိုင်းပါ နှစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၀၀

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။ ၂၀၀၇ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှလှရီ
တွဲဖက်တိုင်းတရားသူကြီး(၃)
မန္တလေးတိုင်းတရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
မကွေးခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမကြီးအမှုအမှတ်–၂၃

ဦးအောင်မောင်း **နှင့်** (၁) ဦးအောင်သန်း
(၂) ဒေါ်စန်း
ပြည်ညွှင်ကျေးရွာ

တရားလို **တရားပြိုင်**

တောင်တွင်းကြီးမြို့ ဦးအောင်သန်း(ဘ)ဦးရဲခေါင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်ကဆောင်ရွက်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် ဩဂုတ် ၁၆ ရက် (၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နော်အက်ဂနက်(စ်)
ဒုတိယခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး
မကွေးမြို့။

မြန်မာ့အသံနားဆင်စရာ

၁၃၆၉ ခုနှစ်
ဒုတိယဝါဆိုလဆန်း ၁၂ ရက်
၂၆–၇–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့်ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
- ၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
  - (၁) မဟာ သရဏဂုံတော်ကြီး ပူဇော်ခြင်း မြန်မာပြန် အနှစ်ချုပ်(သိမ်းအောင်–ရမည်းသင်း ပူဇော်တင်ပြသည်)
  - (၂) ခေတ်သစ်ပုံပြင် (ကောင်းသန့်)
- ၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အသီးအရွက်စားသုံးခြင်း–မောင်ဆုရှင်)
- ၁၂:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (အာဒါလွတ်ကြော်နှင့်ပဲစောင်းလျားသီးသုပ်)

ညနေပိုင်း

- ၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၁၅ သုတကမ္ဘာ
- ၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
  - (၁) အချစ်ပုန်းလေး လူမိသွားပြီ (မေစန္ဒာ)
  - (၂) ရင်ထဲမှာပုဏ္ဏားလေး ရှိတယ်ခင်ရဲ့ (ညိုမြလေး)
- ၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၉:၁၅ ဓာတ်လမ်းပမာနား ဆင်စရာ (ကွက်လပ်ဖြည့်တဲ့အမေ)
- ၁၉:၃၅ ဟန်မျိုးစုံညီတေးကိုသီ (ချစ်မိုးကြီး)
  - (၁) ဌေးဌေးမြင့်၊
  - (၂) ကိုမင်းနောင်၊
  - (၃) သုမောင်၊ (၄) မဥ္ဇူသင်း၊
- ၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) သံယောဇဉ်ဖြတ်တဲ့ မိန်းကလေး(စိန်မောင်မြင့်)
  - (၂) တလောကလုံး အိပ်ခိုင်းထားချင်တယ် (မသဲဖြူ)
  - (၃) လှယမင်းနှင့် တွေ့ဆုံခြင်း (ကိုသန်းလှိုင်)

သိပ္ပံပညာရွှန်ဆုရ
ဦးသန်းထွန်း(ဓာတုဗေဒ)
(အဝေးသင်)အနီးကပ်သင်တန်း
၂၇–ဦးထွန်းလင်း၊မြို့လမ်း၊လှည်းတန်း။ 0950 29 606, 570178, 570371

၁၉၉၃ခုနှစ် နိုဝင်ဘာလ စိုက်ပျိုးရေးတက္ကသိုလ်အဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများ(၁၀)နှစ်ပြည့် ပြန်လည်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲ ပြုလုပ်ကျင်းပလိုပါ၍ ညှိနှိုင်းရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် လေးစားစွာ နှိုးဆော်အပ်ပါသည်။

လင်းရောင်ကြည်	ဖုန်း –	၀၉–၅၁–၄၂၇၀၂
အောင်မွန်လွင်	ဖုန်း –	၀၆၃–၆၀၀၄၆
ရဲဝင်းထွန်း	ဖုန်း –	၀၄၂–၂၅၇၆၀
နေလင်း	ဖုန်း –	၀၁–၃၉၀၄၅၄
အောင်မျိုးဝေ	ဖုန်း –	၀၆၃–၂၃၁၅၇
ဇင်အောင်ထွန်း	ဖုန်း –	၀၇၁–၂၁၆၂၁
ထိန်လင်းထွန်း	ဖုန်း –	၀၆၇–၄၁၆၅၃၁–၃၂၀
နန်းပိုးရှန်	ဖုန်း –	၀၉–၅၂–၁၀၄၆၇
ခင်သက်ရီ	ဖုန်း –	၀၉–၅၁–၇၅၆၉၈၊ ၀၁–၇၂၄၃၆၃။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်မည့်
ရေချိုပုစွန်မွေးမြူရေးအခြေခံသင်တန်း–အမှတ်စဉ် (၅)

သင်တန်းဖွင့်မည့်ရက် – ၂၀၀၇ခုနှစ် ဇူလိုင်လ (၃၀)ရက်

သင်တန်းဖွင့်မည့်နေရာ – မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၊ ရန်ကုန်။

မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း
ဘုရင့်နောင်လမ်းမကြီးနှင့်စက်မှုဆေးဝါးလမ်းထောင့်
အနောက်ကြို့ကုန်း၊ ရန်ကုန်။
ဖုန်း–၀၁–၆၈၃၆၅၁၊ e-mail:myanmarshrimp@myanmar.com.mm

အမည်ပြောင်းလဲခေါ်ပါရန်

ဦးကျော်အောင်၏သား အထက(၂) ဒဂုံမြို့သစ် (အရှေ့ပိုင်း)အဋ္ဌမတန်း(က)မှ မောင်အောင်ကိုဦးအား မောင်အောင်ကိုကိုဦး ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

အဖ ဦးကိုင်ချိန်စိန်၏သမီး ဖားကန့်မြို့ အထက(၁) တတိယတန်းမှ မအားဖုန်းအား ယနေ့မှစ၍ မစန်းစန်းမြင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မစန်းစန်းမြင့်။**

ဖခင်အမည်မှန်

ကန်ကြီးထောင့်မြို့ မြို့လယ်လမ်းနေ မောင်အောင်ချိုထွန်း ၁၄/ကကထ(နိုင်)၁၅၆၈၃၂၏ ဖခင်အမည်မှန်မှာ ဦးသန်းမောင် ၁၄/ပသရ(နိုင်)၀၇၃၉၂၀ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

အမှတ်(၁၆)၊ စစ်ကိုင်းလမ်း လင်းလွန်း(မြောက်)ရပ်ကွက် စမ်းချောင်းမြို့နယ်မှ ကျွန်ုပ်မ မအေယ်လ်မွန်းရာနှင့် မလဗျူမွန်းရာသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မအေယ်လ်မွန်းရာ(ခ)မလဗျူမွန်းရာ
၁၂/မဂဒ(နိုင်)၀၁၂၉၅၀။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ဇော်ဇော်အောင်(ခ)ပိုးငယ် မှတ်ပုံတင်အမှတ်၁၂/ဥကမ(နိုင်) ၀၃၉၅၈၄သည် မိခင်ဆုံးမသည်ကို နာခံမှုမရှိပါသဖြင့် ၅–၇–၂၀၀၇ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စကိုမှ ဖြေရှင်းပေးလိမ့်မည်မဟုတ်ပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)
အမိ– ဒေါ်တင်ကြည် ၁၂/ဥကမ(နိုင်)၀၂၀၈၁၃။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးက ကြီးမှူးကျင်းပသော နယ်လှည့် စာကြည့်တိုက်ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲအခမ်းအနားကို ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၁ ရက်တွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာကိုကိုက စာအုပ်၊ စာနယ်ဇင်း ၃၈၀၀ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုထံ ပေးအပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင် မြန်မာ့ရေမြေ ရာသီဥတုနှင့် ကိုက်ညီ၍ စိုက်ပျိုးအောင်မြင် ကုန်ကျစရိတ်သက်သာစွာ ဖြစ်ထွန်းပြီး ဇီဝလောင်စာ ဒီဇယ်ဆီအဖြစ် အသုံးပြုနိုင် တွက်ခြေကိုက် အသုံးဝင်သဖြင့် သတ်မှတ်အရေအတွက်ပြည့်မီအောင် ဖော်ဆောင်

ကာကွယ်ရေးဝန်ကြီးဌာန မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အင်းတိုင်တပ်နယ် ခြံစည်းရိုး ကြက်ဆူပင်နှင့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုး ကြက် ဆူပင် စိုက်ပျိုးနေမှုကို ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပသည့် အင်းတိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်နှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ခြံစည်းရိုးကြက်ဆူပင်နှင့် ရတနာတန်းဝင် ပျဉ်းကတိုးပင်တို့ကို စိုက်ပျိုးပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီး သုံးထပ်အဆောက်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၁၇နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

(၁၂) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်ပြိုင်ပွဲများကို သတ်မှတ် အားကစားကွင်းတို့တွင် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ ဆက်လက် ကျင်းပသည်။

(က)အုပ်စု

(က)အုပ်စု အောင်မြေမန္တလာအားကစားကွင်း နံနက်ပိုင်းပွဲစဉ်တွင် မန္တလေးတိုင်းအသင်းက

စာမျက်နှာ ၉ ကော်လံ ၄ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဆေးဝါးကုသမှုနှင့် ရောဂါကာကွယ်မှု နေရာဒေသမရွေး ခံစားနိုင်ရန် ဆေးရုံဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးပြီး အဆင့်မြှင့်တင်ပေးလျက်ရှိ ကျန်းမာရေးဝန်ထမ်းများက လူနာများအပေါ် စေတနာထား ပြုစုကုသပေး

နေပြည်တော် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံကြီး သုံးထပ်အဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက်တွင် ယင်းသုံးထပ်အဆောင်သစ်ရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က အမျိုးသမီးနှင့် ကလေးဆေးရုံကြီး သုံးထပ်အဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး ဆိုင်းဘုတ်နှင့် သုံးထပ်အဆောင်သစ် ကမ္ဗည်းမော်ကွန်းကျောက်ပြားကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

25-7 (20) 1 7/25/07, 1:46 AM